# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၄)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၂-၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နယ်စပ်ဒေသတွင်ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီး ချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ နှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ၌ာန တာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ် အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန် လျက်ရှိသည့် အခြေအနေများ၊ တပ်မတော် နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့် တပ်မတော် အရာရှိကြီးများ

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**အများအားဖြင့် သာယာမည်**

နေပြည်တော် ဇန်နဝါရီ ၂၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့်သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

## ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပလျက်ရှိ

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပါမောက္ခများ၊ ပြည်တွင်း၊ ပြည်ပမှ သုတေသီပညာရှင်များ၏ အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန (Social Sciences/Health System Research)ဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားလျက်ရှိသည်။

မျက်မှောက်ခေတ် ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့် အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို တင်ပြကြမည်ဟု ယုံကြည်ပါကြောင်း၊ ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများဖြစ်သည့် မြန်မာ- ကိုရီးယား ပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါသုတေသနဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၅) "Myanmar-Korea Joint Symposium (2025)"၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန်ဆောင်ရွက်ခြင်း "Promoting a Healthy Lifestyle and Addressing Health Risk Behaviors"၊ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည် ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးပြခြင်း "Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar"၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)ကို ဆေးပညာတွင် အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု "Artificial Intelligence: Shaping the Next Generation of Health Professionals" နှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲ တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ကျင်းပသွားမည်ဖြစ်သည်ဟု သိရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကိုရီးယားနှင့် မြန်မာသုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှု (Pre-conference activitiy)တွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း (Whole genome sequencing)ဆိုင်ရာ စာတွေ့လက်တွေ့လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမှ သုတေသီများ၊ ဓာတ်ခွဲပညာရှင်များ၊ ဓာတ်ခွဲကျွမ်းကျင်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုများ တိုးတက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

သုတေသနစာတမ်းရှင်များသည် သုတေသနတွေ့ရှိချက်များကို ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်း ပြည်ပသုတေသနဂျာနယ်များတွင် ဖော်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားပြီး သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ထောက်ပံ့လှူဒါန်း



**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ နံနက် ၉ နာရီက ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား (၂၉) ကြိမ်မြောက်အဖြစ် အခြေခံစားသောက်ကုန်များနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ပြည့်မဏ္ဍိုင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသန်းဌေး၊ အလှူရှင်များ၊ ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု (၃၆)စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ Cake Boy တစ်ထုပ်၊ ဒေါင်းရာဇာတံဆိပ်ဒဏ်ကြေဆေးဘူး တစ်ဘူး၊ ဒေါင်းသူရိန်အခိုးပွင့်သွေးအားတိုးဆေး တစ်ဘူး၊ ခေါင်းလျှော်ရည်နှစ်ထုပ်စီနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၇ ဦးအား အနွေးထည် ၁၇ ထည်၊ ကြက်အူချောင်း တစ်ထုပ်၊ ဆပ်ပြာခဲ တစ်ခဲစီနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို တာဝန်ရှိသူများက ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါထောက်ပံ့လှူဒါန်းခြင်းကို လစဉ် ၂၁ ရက်နေ့တိုင်း ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၀၄၀)

## ပုသိမ်ကြီးမြို့နယ်တွင် ကောက်ရိုးထုံးစက်ကိရိယာဖြင့် တောင်သူပညာပေး သရုပ်ပြပွဲဆောင်ရွက်



**ပုသိမ်ကြီး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၈၀)စက်မှုလယ်ယာစခန်းမှ(Round Baler)ကောက်ရိုးထုံးစက်ဖြင့် တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့နံနက် ၈နာရီက အိုင်ကြီးကျေးရွာ ကွင်းအမှတ်(၅၅၂-က) တောင်သူ ဦးသိန်းဌေးအောင်၏ လယ်ယာမြေ၌ ကျင်းပသည်။

တောင်သူသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးအရာရှိ ဦးကျော်ထင်က(Round Baler)ကောက်ရိုးထုံးစက်ကိရိယာအကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး၊ လက်တွေ့မောင်းနှင်ပြသခဲ့မှုကို တောင်သူများ စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

အဆိုပါ ကောက်ရိုးထုံးစက်အသုံးပြုခြင်းကြောင့် အချိန်ကုန် လူပင်ပန်းမှုသက်သာစေခြင်း၊ တောင်သူများ ငွေကုန်ကြေးကျသက်သာ၍ လယ်ယာလုပ်သားရှားပါးမှုအပေါ် ဖြေလျှော့ပေးနိုင်စေပြီး၊ ကောက်ရိုးထုံးများ စနစ်တကျရရှိ၍ သိမ်းဆည်းရ လွယ်ကူစေကာ တောင်သူများ၏ ကျွဲ၊ နွားစာများ ဖူလုံစွာရရှိစေမည့်အပြင် သိုလှောင်နေရာအနည်းငယ်သာ လိုအပ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထင်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူ (၃၀)ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) စာနည်းကိုကို**

## ဘုတလင်မြို့နယ်တွင် ဆောင်းနေကြာ ဧက နှစ်သောင်းနီးပါး စိုက်ပျိုးထား



**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ နေကြာဧကနှစ်သောင်းနီးပါး စိုက်ပျိုးထားကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် စပ်မျိုး-၁၊ ဆင်းရွှေကြာ၂၊ နေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များဖြင့် စိုက်ပျိုးထားခြင်းဖြစ်သည်။

"တောင်သူလယ်သမားတွေ ဆောင်းသီးနှံ နေကြာစိုက်ပျိုးရာသီမှာ သီးနှံအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ၊ သွင်းအားစု၊ သီးနှံမျိုးစေ့ ပေးအပ်တာတွေကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်မှုနဲ့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကူညီဆောင်ရွက်လျက်ရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

စိုက်ပျိုးထားသော နေကြာများ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဘုတလင်မြို့နယ်တွင် နေကြာများကို အောက်တိုဘာ ၁ ရက်နေ့မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်အထိ ၁၈၁၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

(၃၉၄)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )


☆ ရှေ့ဖုံးမှ

အချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက် ရှိသကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အဆင့်အလိုက် အစည်းအဝေးများ နှစ်စဉ်အောင်မြင်စွာကျင်းပနိုင်မှု အခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင် လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေး လိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အကြား ပူးပေါင်း ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင် ငါးဖမ်းလှေနှင့် လှေလုပ်သားများအပေါ် မြန်မာနိုင်ငံမှ အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်တပ်မတော် အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda (တန်ဝစ် ယုံချင်ဒါ)တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

## ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်




နေပြည်တော် ဇန်နဝါရီ ၂၁

ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstump၊ (ကြည်း၊ ရေ၊ လေ၊ ရဲ) စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖွင့်၍ အလေးပြုကာ ဖွင့်လှစ်ကြသည်။ ထို့နောက် သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ဆိုင်ရာ ဗီဒီယိုပြသမှုကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က အထိမ်းအမှတ် ကိတ်မုန့်လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြပြီး သရုပ်ပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြကာ စစ်သံမှူး Senior Colonel Thanwit Yomchinda က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပေါင်းစည်းချစ်ကြည် လက်တွဲညီ
ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

တိုင်းပြည်သာယာဝပြောဖို့
ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဥပဒေအသိပညာပေး ဟောပြောပွဲသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော်ပြင်ပဌာနများမှ ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက "ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်" ဆိုသော အဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတရရှိစေရေး လိုအပ်သည်ဖြစ်ရာ အခြေခံအားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိနေရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများ အနေဖြင့်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေအသိရှိသူများ ပေါ်ထွန်းလာစေရေးတို့အတွက် ယနေ့ဟောပြောပွဲမှ ရရှိခဲ့သည့် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို မိမိတို့၏ နိုင်ငံနှင့်ဌာနအတွက် လက်တွေ့ကျကျကောင်းစွာ အသုံးချသွားကြရန်နှင့် "ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ ပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများ ဖြစ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနရှိ ဥပဒေအရာထမ်းများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့်ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအပါအဝင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း အခြေခံအားဖြင့် သိသင့်သိထိုက်သည့် ဥပဒေများအကြောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေဆိုင်ရာ အခြေခံ သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး စည်းကမ်းရှိသော နိုင်ငံသားများဖြစ်စေရန်နှင့် သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်အသီးသီး၌ ပေးအပ်သည့် တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၄-၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံ စာရင်းအင်းပညာအသင်းဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စီးပွားရေးတွင် လယ်ယာ၊ သားငါး၊ စက်မှုစသည့် ထုတ်လုပ်မှုကဏ္ဍများ၏ စာရင်းများ တိကျမှန်ကန်မှုရှိရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧက၊ ရိတ်သိမ်း ဧက၊ အထွက်နှုန်း၊ စားသုံးမှု၊ ပြည်ပတင်ပို့မှု၊ လက်ကျန်ပမာဏစသည့် စာရင်းအင်းကိန်းဂဏန်းများသည် အမှန်တကယ် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတူ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့် လူမှုရေးဆိုင်ရာစာရင်းများအားလုံး ပြည့်စုံမှန်ကန်မှသာ နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို မှန်ကန်စွာ တွက်ချက်နိုင်မည်ဖြစ်ပြီး နှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို နေပြည်တော်ကောင်စီ နယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ကောက်ယူခဲ့ကြောင်း၊ နိုင်ငံ၏ MSMEsထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးနိုင်ရေး၊ MSMEs နှင့် ပတ်သက်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် စစ်တမ်းရလဒ်များသည် မှန်ကန်ပြည့်စုံမှုရှိရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဖြစ်ပေါ်နေသော အခြေခံ စားသောက်ကုန်ပစ္စည်းဈေးနှုန်းများ၊ ဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း၊ စားသုံးမှု၊ လက်ကျန်စသည့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူတင်ပြရာတွင် မှန်ကန်မှုရှိရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူရာတွင် သက်ဆိုင်ရာဌာနအလိုက် အခြေခံစာရင်းများရှိမှသာ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့် တန်ဖိုးများကို ပြုစုတွက်ချက်နိုင်မည်ဖြစ်၍ ဌာန၊ အဖွဲ့အစည်းအားလုံးက အခြေခံစာရင်းများကို ပြည့်စုံမှန်ကန်စွာ ပြုစုထားရန်နှင့် ပုံမှန် Update ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကောက်ယူရာတွင်လည်း တူညီသည့် Format နှင့် စာရင်းများကောက်ယူပြီး One Mechanism, One Data, One Source ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ချက်ချင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည်အစီအမံများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အတွက် ပျက်စီးဆုံးရှုံးမှု **စာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း** ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများနှင့် တက်ရောက် လာသူများက စာရင်းအင်း အချက်အလက် မှန်ကန်ရေး၊ အရည်အသွေး ပြည့်ဝရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

☆ စာမျက်နှာ ၂၄ မှ

ကမ္ဘာ့နိုင်ငံ အများစုက ထောက်ခံအတည်ပြုထားသည့် **လုံခြုံစိတ်ချသည့် ကျောင်းများဆိုင်ရာကြေညာချက် (The Safe Schools Declaration)** တွင်လည်း လက်နက်ကိုင်ပဋိပက္ခ၏ အဆိုးရွားဆုံး သက်ရောက်မှုများကနေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းများနှင့်တက္ကသိုလ်များကိုကာကွယ်ရန် အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများကိုစိုးရိမ်ကြောင့်ကြစရာမလိုဘဲ ပညာသင်ကြားခွင့်ရရှိရန်၊ ဆရာ ဆရာမ၊ ပါမောက္ခနှင့် ကျောင်း အုပ်ချုပ်သူတိုင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာ အခြေအနေများတွင် သင်ကြား သုတေသနပြုနိုင်ရန်၊ တက္ကသိုလ်တိုင်းသည် ကျောင်းသားများနှင့် ပညာရှင်များအတွက် လုံခြုံသည့်နေရာဖြစ်ရန် စသည့်အချက်များ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမအချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

### ဖွင့်လှစ်ပို့ချ

မြန်မာနိုင်ငံ အနှံ့အပြားတွင်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေ သင်ယူလေ့လာနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး တက္ကသိုလ်တစ်ခု ဖွင့်လှစ်ထားရှိကြောင်း၊ ကယားပြည်နယ် တွင်လည်း လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေး ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ တို့ကို ပြည်နယ်မြို့တော် ဖြစ်သည့် လွိုင်ကော်မြို့တွင် ဖွင့်လှစ်ထားရှိခဲ့ကြောင်း၊ လွိုင်ကော်မြို့၏ ပညာကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံ ဘာသာရပ်ဆိုင်ရာ ရိုးရိုးဘွဲ့သင်တန်းများအပြင် မဟာဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်နယ်၊ ပြည်မမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ လာရောက်သင်ကြားပို့ချ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နေ့သင်တန်းနှင့် အဝေးသင်သင်တန်း ကျောင်းသား ကျောင်းသူများစွာ အဆင့်မြင့်ပညာ ဆည်းပူးခဲ့ကြသည့် တက္ကသိုလ်တစ်ခုလည်း ဖြစ်ကြောင်း။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ် မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို မိုက်မိုက်မဲမဲ မဆင်မခြင် လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် လုံခြုံရေး အဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် တက္ကသိုလ်၏ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အဆင်အခြင် ကင်းမဲ့စွာ ဖျက်ဆီးခဲ့ကြကြောင်း၊ အဆိုပါ တက္ကသိုလ်ကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၃၂ ဦးနှင့် အတူ မှီခိုသူ မိသားစုဝင် ၆၄ ဦး၊ စုစုပေါင်း ၁၉၆ ဦးနှင့် ကျောင်းသားများ အသုတ်လိုက် အတင်းအဓမ္မဖမ်းဆီးချုပ်နှောင် ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားချိန်တွင် ဆရာ ဆရာမများ အနေဖြင့် နီးစပ်ရာ စာသင်ခန်းများ၊ နေအိမ်များတွင် ကြောက်လန့်တကြား ပုန်းအောင်းနေထိုင်ခဲ့ကြရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာ မရရှိစေရေး၊ ဘေးကင်းလုံခြုံစေရေးကို အဓိကထား ဆောင်ရွက်ခဲ့သည့်အပြင် ကယားပြည်နယ်၏ အဆင့်မြင့် ပညာသင်ကြားရာ လွိုင်ကော်တက္ကသိုလ်၏ပင်မဆောင်၊

စာမျက်နှာ ၆ သို့ ☆



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် M&E (Internal and External lines) ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။
(ပျက်စီးမှု ခန့်မှန်းတန်ဖိုး – ကျပ် ၁၀၀.၀၀ သန်း)



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် နှစ်ထပ် ပါမောက္ခချုပ်နေအိမ် (၄၁ ပေ x ၃၄၀ ပေ)ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။
(ပျက်စီးမှု ခန့်မှန်းတန်ဖိုး– ကျပ် ၂၀၀.၀၀ သန်း)



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် နှစ်ထပ်စာသင်ဆောင် (၂၀၈ ပေ x ၃၈ ပေ) အတွင်းပိုင်း ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်ယဉ်ကျေးမှုပြတိုက်တွင် သန့်ရှင်းရေး ပြုလုပ်နေမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။



လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်တက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။




လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်လေယာဉ်ကွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

☆ စာမျက်နှာ ၅ မှ

ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ဆောင်များကို တန်ဖိုးထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်ခဲ့ကြကြောင်း၊ သို့သော် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံအတွက် တန်ဖိုးထားအပ်သော အရပ်ဘက်ပညာရေးဆိုင်ရာ အဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ၊ ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများကို အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်ရာ နေရာသို့ ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ပြီး လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းများသည် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း။

လက်နက်ဟူ၍ အပ်တိုတစ်ချောင်းတောင် မရှိသည့် မြေဖြူသာရှိသော အပြစ်မဲ့ ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထား ပြုရမည့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးသည့် စဉ်းစားဉာဏ်ကင်းမဲ့သော လူမဆန်သည့် လက်နက်အားကိုး အကြမ်းဖက်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် ဖြေဆိုရမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော် တက္ကသိုလ်ကြီးကို ပိတ်ခဲ့ရသည်မှာ ယနေ့အထိပင် ဖြစ်ပြီး အဆိုပါဖြစ်ရပ်ကို သိရှိကြသည့် ကမ္ဘာ့ပညာတတ် အသိုင်းအဝိုင်းအနေဖြင့် ရင်ထုမနာ စိတ်မကောင်း ဖြစ်နေကြမည်မှာ အသေအချာပင် ဖြစ်ကြောင်း။

အခုအခါ လွိုင်ကော်မြို့၏ အခြေအနေမှာ တည်ငြိမ်မှုရှိနေပြီ ဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစပြီး လွိုင်ကော် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသခံကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ယူမှု အခွင့်အရေး မဆုံးရှုံးအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိဇ္ဇာ သိပ္ပံဘာသာရပ်များကို သင်ယူဆည်းပူးနိုင်သည့် နေ့သင်တန်းနှင့်အဝေးသင်တက္ကသိုလ် သင်တန်းများ တက်ရောက်ရန် အခက်အခဲ ကြုံတွေ့နေသည့် ကျောင်းသား ကျောင်းသူထောင်ပေါင်းများစွာ အတွက် **"လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေး"** ကို ယနေ့အစည်းအဝေးက ညှိနှိုင်းဆွေးနွေးပေးကြရမည် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနက ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်တင်ပြရန် ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ကို အထူးကိစ္စတစ်ရပ် အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ရန်ပုံငွေ ထုတ်ယူသုံးစွဲနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ကယားပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

## ရှင်းလင်းတင်ပြ

နိုင်ငံတော်၏ အနာဂတ်ကို ပညာနှင့်သာ တည်ဆောက်ရမည် ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ် ပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သွားကြရမည်မှာ နိုင်ငံတော်၏တာဝန် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်တွင် အားထားရမည့် ကျောင်းသား လူငယ်များ အတွက် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ပြီး အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကို စိတ်စေတနာ အပြည့်နှင့် အားလုံးဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ သုံးထပ် ပင်မဆောင်၊ နှစ်ထပ် ဘွဲ့နှင်းသဘင်ခန်းမ၊ နှစ်ထပ် စာသင်ဆောင်များ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နှစ်ထပ် ဆရာ ဆရာမများဆောင်၊ အရာရှိ အိမ်ရာ၊ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ လေးခန်းတွဲ လေးထပ်၊ ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နေအိမ်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ နှစ်ထပ် ကျောင်းသား ကျောင်းသူဆောင်များ၊ အားကစားရုံနှင့် အားကစားခန်းမ၊ နှစ်ထပ် စာကြည့်တိုက်များ၊ နှစ်ထပ် ကျောင်းသား ကျောင်းသူနားနေဆောင်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အနေဖြင့် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဥပဒေနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေ၊ လက်ရှိ နယ်မြေဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် ပြုပြင်ရေး လုပ်ငန်းများနှင့်အတူ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ပြည့်မီစေရေး ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရရှိရေးနှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးက ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဘေးသင့်ခဲ့ရမှုများသည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုသည့် သတ်မှတ်ချက်အတွင်း အကျုံးဝင်ပါကြောင်း၊ လွိုင်ကော် တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားပါကြောင်း၊ အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ ရန်ပုံငွေကို သုံးစွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့် အခါတွင်လည်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များ ကိုက်ညီရန် အတွက် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ကယားပြည်နယ် အစိုးရအဖွဲ့တို့ အနေဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ အမြန်ဆုံး စတင် ဆောင်ရွက်နိုင်ရေး ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍရပ်တစ်ခု အနေဖြင့် အရေးပါသည့် လွိုင်ကော် တက္ကသိုလ် ပြုပြင်တည်ဆောက် ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး အလေးထား ဆောင်ရွက်သွားကြ ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## V@Kim Tae Hyung တို့အဖွဲ့ အအေးလွန်ကဲသည့် ရာသီဥတုတွင် လေ့ကျင့်ရေးပြုလုပ်ခဲ့ရ

အအေးလွန်ကဲသည့် ရာသီဥတုတွင် ရာသီဥတုဒဏ်ကို ခံနိုင်ရန်အတွက် ဗွီ(ခေါ်)ကင်ထယ်ယောင်းတို့ သင်တန်းသားများ




အဖွဲ့က လေ့ကျင့်ရေးပြုလုပ်ရမည်ဟု ကိုရီးယားမီဒီယာက သတင်းထုတ်ပြန်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လေ့ကျင့်ရေးကို ဇန်နဝါရီ ၆ ရက်မှ ၁၇ ရက်အထိ Chucheon, Hwacheon နှင့် Hongcheon တို့တွင် ပြုလုပ်ရမည်ဖြစ်ပြီး အပူချိန်အနုတ် ၂၀ ဒီဂရီစင်တီဂရိတ် ကျဆင်းသည်အထိ ရာသီဥတုဒဏ်ခံနိုင်ရန် လေ့ကျင့်ရမည်ဖြစ်၍ ပရိသတ်စိုးရိမ်နေကြသည်။

လေ့ကျင့်ရေးကာလအတွင်း အသေးစိတ်မှအစ လေ့ကျင့်ထားသော ဗွီကို ပရိသတ်များ ချီးကျူးမဆုံးဖြစ်ကာ ဒဏ်ရာမရဘဲ ကျန်းမာရေးဂရုစိုက်ရန် ပြောကြားထားကြသည်။

(SKY)



### ဝက်သားနှင့် ဝက်အူချောင်း လွန်ကဲစွာ စားသုံးလျှင် မှတ်ဉာဏ်ထိခိုက်သောရောဂါ ခံစားလာရနိုင်ဖွယ် ရှိ

အနီရောင်အသားအုပ်စုတွင် ပါဝင်သော ဝက်သားကိုသာမက ဝက်သားကို ကြာရှည်ခံအောင် ပြုပြင်ထားသည့် ဝက်အူချောင်းကို လွန်ကဲစွာ စားသုံးလျှင် မှတ်ဉာဏ်ထိခိုက်သောရောဂါ ခံစားလာရနိုင်ဖွယ်ရှိသည်ဟု အမေရိကန်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ဘရီဂမ်နှင့်အမျိုးသမီးများဆေးရုံ၊ ဟားဘတ်တက္ကသိုလ် တီအိတ်ချ်ချန်းလူထုကျန်းမာရေးကျောင်းတို့မှ သုတေသီများသည် ဝက်သားနှင့်ဝက်အူချောင်းစားသုံးခြင်း၏ နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဝက်သားနှင့်ဝက်အူချောင်း လွန်ကဲစွာ စားသုံးခြင်းကြောင့် အထူးသဖြင့် အသက်ကြီးပိုင်းအမျိုးသား အမျိုးသမီးများအနေဖြင့် မှတ်ဉာဏ်ထိခိုက်သောရောဂါ ခံစားလာရဖွယ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါအစားအစာများကို အလွန်အကျွံ စားသုံးပါက ဆီးချိုအမျိုးအစား၂နှင့် နှလုံးရောဂါများလည်း ရရှိနိုင်ကြောင်း သိရသည်။

SCI

## Hyun Bin ပါဝင်သည့် Harbin ရုပ်ရှင်သမိုင်းတွင် စံချိန်တင်ထား

နာမည်ကြီး အနုပညာရှင် ဟွမ်ဘင်း အဓိကပါဝင်ထားသည့် Harbin ရုပ်ရှင်သည် ကြည့်ရှုနှုန်း မြင့်မားစွာနှင့်ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ လူသန်းပေါင်း တစ်သန်းဖြင့် ကြည့်ရှုနှုန်း အမြင့်ဆုံး စံချိန်တင်ခဲ့ပြီး ဝင်ငွေများ ဆက်တိုက်အားကောင်းခဲ့သည်။



ယင်းဇာတ်ကား ဇာတ်ဝင်ခန်းပုံရိပ်များ ပေါ်ထွက်လာစဉ်ကပင် ပရိသတ်စိတ်ဝင်စားမှု ရှိခဲ့ကြပြီး မင်းသား ဟွမ်ဘင်း၊ လီဒေါင်ဝုဒ်၊ မင်းသမီး ဂျောင်ယိုဘင်းနှင့် နာမည်ကြီး သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး ပြသချိန်တွင် ကြည့်ရှုနှုန်းမြင့်မားခဲ့၍ ရုပ်ရှင်သမိုင်းတွင် စံချိန်တင်သော ရုပ်ရှင်ဖြစ်ခဲ့သည်။

(SKY)

## Angelina Jordan စင်ပေါ်တက်တိုင်း ဖိနပ်မစီးသည့် ကမ္ဘာကျော်အဆိုတော်ဖြစ်



နော်ဝေးနိုင်ငံသူ အန်ဂျလီနာဂျော်ဒန်သည် အသက် ၁၉ နှစ်နှင့် ကမ္ဘာကျော်အဆိုတော်ဖြစ်လာကာ စင်ပေါ်တက်တိုင်း ဖိနပ်မစီးသည့် ထူးခြားချက်ရှိသူ တစ်ဦးဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အန်ဂျလီနာဂျော်ဒန်သည် Norway Got Talent တွင် အသက်ခုနစ်နှစ်နှင့် ဗိုလ်စွဲခဲ့ကာ ထူးခြားချက်မှာ စင်ပေါ်တက်သီချင်းဆိုတိုင်း ဖိနပ်မပါခြင်း ဖြစ်သည်။

အဆိုပါရမီထူးသူဖြစ်၍ American Got Telent ထိယှဉ်ပြိုင်အနိုင်ရခဲ့ကာ အင်တာဗျူးတစ်ခုတွင် ဖိနပ်မစီးရသည့် အကြောင်းပြောကြားရာတွင် အသက်ခြောက်နှစ်အရွယ်က အာရှနိုင်ငံတစ်နိုင်ငံသို့ အလည်ရောက်ခဲ့ပြီး ရွယ်တူမိန်းကလေးတစ်ဦးဖိနပ်မစီးထား၍ သူ့ဖိနပ်ပေးခဲ့ကာ ကမ္ဘာပေါ်တွင် ဖိနပ်မစီးနိုင်သည့် ကလေးများရှိသရွေ့ သူသီချင်းဆိုတိုင်း ဖိနပ်မစီးတော့ဟု ဆုံးဖြတ်ချက်ချခဲ့ကြောင်း ပြောကြားခဲ့သည်။

နော်ဝေးသူကမ္ဘာကျော် ဘလူးစ်ဂီတအဆိုတော်မလေးအန်ဂျလီနာဂျော်ဒန်မှာ လက်ရှိ အသက် ၁၉ နှစ်ရှိပြီဖြစ်သည်။ (SKY)



## Jennifer Lawrence ကို Passengers ရုပ်ရှင်နှင့် ဝေဖန်မှုများထွက်ပေါ်လာ

ဟောလိဝုဒ် နာမည်ကြီး အနုပညာရှင် ဂျန်နီဖာလောရင့်စ်၏ Passengers ဇာတ်ကား ထွက်ရှိပြီးနောက်ပိုင်း ဇာတ်ကားတိုင်း ဝေဖန်မှုများခံနေခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျန်နီဖာလောရင့်စ်သည် Passengers ရုပ်ရှင်ပြီးနောက် Mother, Red Sparrow, X-Men Dark Phoenix တို့တွင် သရုပ်ဆောင်ခဲ့သော်လည်း ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး အနုပညာပိုင်းနှင့် ဝင်ငွေပိုင်းတွင် ထိခိုက်မှုရှိခဲ့သည်။

ဂျန်နီဖာလောရင့်စ်၏ သူငယ်ချင်း အဆိုတော် အဒဲလ်က ယင်းဇာတ်ကားကို မရိုက်ရန် တားခဲ့ကြောင်း အဒဲလ်စကား နားမထောင်မိ၍ ဆိုးကျိုးများနှင့် ရင်ဆိုင်ခဲ့ရကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားထားကာ ရုပ်ရှင်လောကမှ ခေတ္တအနားယူပြီးနောက် Don't Look Up နှင့် နာမည်ကို ပြန်အဖတ်ဆယ်နိုင်ခဲ့သည်ဟု နယူးယော့ခ်တိုင်းမ်တွင် ဖော်ပြထားသည်။

(SKY)

## Park Seo Joon က မင်းသမီးလေး Won Ji An နှင့် အချစ်ဇာတ်လမ်းတွဲ အသစ်ရိုက်ကူးထား

အနုပညာရှင် ပတ်ဆိုးဂျွန်သည် သူ့ထက် အသက်ငယ်သည့် မင်းသမီးလေး ဝမ်ဂျီအန်နှင့်တွဲ၍ အချစ်ဇာတ်လမ်းတွဲသစ် ရိုက်ကူးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အသက်နှစ်ဆယ်နှင့်ပြဇာတ်အဖွဲ့တွင် တွေ့ရှိခဲ့သည့် မိန်းကလေးနှင့် လမ်းခွဲခဲ့ကြပြီး အသက်သုံးဆယ်မှ သာမန်သတင်းထောက်တစ်ဦးဖြစ်နေခဲ့သည့်အပြင် အနုပညာရေးရာ သတင်းထောက်အဖြစ် ရောက်ရှိနေခဲ့သည်။

အိမ်ထောင်ရေးဖောက်ပြန်သည့် အနုပညာရှင်၏ သတင်းကို လိုက်ရာမှ ဇနီးသည်မှာ တစ်ချိန်က သူနှင့်နှစ်ခါတွဲခဲ့သူဖြစ်နေသည်ကို တွေ့ရပြီး ဇာတ်လမ်းအရှုပ်တော်ပုံ စတင်ခဲ့ခြင်းဖြစ်သည်ကို ဒါရိုက်တာအမ်ဟွမ်ဝုဒ်က ဖန်တီးပုံဖော်ပေးထားသည်။

အသက် ၂၅ နှစ်နှင့် ဝမ်ဂျီအန်သည် လက်ရှိ ဟွမ်ဘင်းနှင့် Made in Korea ရိုက်ကူးနေကာ Squid Game 2 တို့တွင်လည်း ပါဝင်ထားပြီး ပတ်ဆိုးဂျွန်ထက် အသက်ငါးနှစ်ငယ်သူဖြစ်သည်။

(SKY)



## Demi Moore ရွှေကမ္ဘာလုံးဆု ဆွတ်ခူးရရှိသွား

ကမ္ဘာကျော်အနုပညာရှင် ဒမ်မီမိုးသည် အနုပညာလောကသို့ တစ်ကျော့ပြန်လည်ဝင်ရောက်လာရာမှ Substance ရုပ်ရှင်နှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ရွှေကမ္ဘာလုံးဆုဆွတ်ခူးရရှိသွားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်ဆုကို Brutalist ကားက ရရှိပြီး အကောင်းဆုံးမင်းသားဆုကို ယင်းကားနှင့် မင်းသားအေးဒရီယန်ဘရော့ဒီက ရရှိပြီး ဒမ်မီမိုးက Substance ရုပ်ရှင်နှင့် ဆွတ်ခူးရရှိသွားသည်။

ဒမ်မီမိုးပါဝင်ထားသည့် ဇာတ်ကားတွင် အသက်ငါးဆယ်အရွယ် အမျိုးသမီးတစ်ဦး နုပျိုမှုကို ပြောင်းလဲရာမှ ကြောက်မက်ဖွယ်ဆိုးကျိုးများနှင့်ကြုံတွေ့ရပုံကို ပြီးပြည့်စုံစွာ ပုံဖော်ပြသနိုင်ခဲ့၍ ရွှေကမ္ဘာလုံးဆုကို ထိုက်တန်စွာ ရရှိသွားခြင်းဖြစ်သည်။

ဒမ်မီမိုး၏ တစ်ကျော့ပြန်အောင်ပွဲခံနိုင်မှုအတွက် ပရိသတ်များ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

(SKY)

0-0-0-0-0-0-0

# သမ္မတ ဒေါ်နယ်လ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အစိုးရအမိန့်စာချွန် ၂၆ ခုကို လက်မှတ်ရေးထိုးအတည်ပြု



**ဝါရှင်တန် ဇန်နဝါရီ ၂၁**

သမ္မတ ဒေါ်နယ်လ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အိမ်ဖြူတော်၌ တာဝန်ထမ်းဆောင်သော ပထမနေ့တွင် အစိုးရအမိန့်စာချွန် ၂၆ ခုကို တစ်ထိုင်တည်း လက်မှတ်ရေးထိုးအတည်ပြုပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥပဒေကဲ့သို့ အာဏာတည်သော အဆိုပါအမိန့်များကို ၎င်းက သမ္မတအာဏာရလျှင်ရချင်း ပင် လက်မှတ်ရေးထိုးခဲ့ပြီး သမ္မတ ဂျိုးဘိုင်ဒင် ယခုလို လုပ်ခဲ့ဖူးသလားဟူ၍ ပရိသတ်ကို မေးခွန်းထုတ်လိုက်သေးသည်။

ဒေါ်နယ်လ်ထရမ့် သည် ဒုတိယသမ္မတ ဗန့်စ်၊ လွှတ်တော် ဥက္ကဋ္ဌ ဂျွန်ဆင်၊ ဆီးနိတ်လွှတ်တော်အမတ် သွန်း၊ တရားသူကြီးချုပ် ရောဘတ်စ်၊ အမေရိကန် တရားရုံးချုပ် တရားသူကြီးများ၊ သမ္မတ ကလင်တန်၊ သမ္မတ ဘွတ်ရှ်၊ သမ္မတ အိုဘားမား၊ သမ္မတ ဘိုင်ဒင်၊ ဒုတိယသမ္မတ ဟဲရစ်နှင့် ကျွန်တော်၏ နိုင်ငံသားအပေါင်းတို့ခင်ဗျားဟု အစချီသော ကျမ်းကျိန်အပြီး ပြောကြားသည့် မိန့်ခွန်းတွင် ၎င်းဦးဆောင်မည့် အစိုးရအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လူဝင်မှုကြီးကြပ်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ ရေနံတူးဖော်ရေး စသော ကဏ္ဍအသီးသီး၌ မူဝါဒပြောင်းလဲသွားမည့်အကြောင်း အသိပေးခဲ့သည်။

ထိုမိန့်ခွန်းအပြီး သမ္မတ တာဝန်စတင်ထမ်းဆောင်ချိန်တွင် အဆိုပါအမိန့်စာချွန် ၂၆ ခုကို လက်မှတ်ရေးထိုးကာ ဥပဒေကဲ့သို့ အာဏာတည်အောင် ပြဋ္ဌာန်းပေးလိုက်သဖြင့် အများအံ့အားသင့်ခဲ့သည်။

ထိုအမိန့်များအနက် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က အမေရိကန် ကက်ပီတောလွှတ်တော်ထဲသို့ ဝင်ရောက်ရမ်းကားတိုက်ခိုက်ခဲ့သူများအနက်မှ တရားရင်ဆိုင်နေရသူ၊ အကျဉ်းကျခံနေရသူ စုစုပေါင်း ၁၅၀၀ ဦးခန့်ကို လွတ်ငြိမ်းခွင့်ပေးသောအမိန့်၊ ပြည်တွင်းရေနံတူးဖော်ထုတ်လုပ်မှုတားဆီးပိတ်ပင်မှုများဖြေလျှော့စေသောအမိန့်၊ ယောကျ်ားနှင့်မိန်းမဟူသော လိင်နှစ်ခုကိုသာ အသိအမှတ်ပြုမည့်အမိန့်၊ ပဲရစ်သဘောတူညီချက်အဖွဲ့ထဲမှ နုတ်ထွက်မည့်အမိန့်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထဲမှ နုတ်ထွက်မည့်အမိန့်၊ တစ်တော့လူမှုကွန်ရက်ကို ၇၅ ရက် သက်တမ်းတိုးပေးသည့်အမိန့်တို့ကြောင့် ပြည်တွင်းရော၊ ပြည်ပနိုင်ငံများပါ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတားမား အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည်

**လန်ဒန် ဇန်နဝါရီ ၂၁**

ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတားမား လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်မည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတ ဒေါ်နယ်လ်ထရမ့် ကျမ်းသစ္စာမကျိန်ဆိုမီကတည်းကပင် ၎င်း၏အလည်အပတ်ခရီးစဉ်ကို စီစဉ်ထားကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီက ရှင်းလင်းပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်အတွက် ဝန်ကြီးချုပ် ဆာကီယာစတားမားက အမေရိကန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

ဆာကီယာစတားမားသည် ဇန်နဝါရီ ၂၀ ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် သမ္မတ ဒေါ်နယ်လ်ထရမ့်ကို ဦးဦးဖျားဖျား ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။**Mon**




# အင်ဒိုနီးရှားနိုင်ငံ ဂျားဗားပြည်နယ်အလယ်ပိုင်းဒေသတွင် မြေပြိုမှုဖြစ်ပွား၊ လူ ၁၆ ဦးထက်မနည်း သေဆုံး

**ဂျကာတာ ဇန်နဝါရီ ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဂျဗားပြည်နယ်အလယ်ပိုင်းဒေသတွင် ဇန်နဝါရီ ၂၁ ရက်က မြေပြိုမှုဖြစ်ပွားရာ လူ ၁၆ ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါပြည်နယ်တစ်ဝန်းတွင် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့ပြီးနောက် ပေကလွန်ဂန်မြို့တွင် တောင်စောင်းတစ်လျှောက် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသခံများ ပြောကြားသည်။

အစိုးရကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားတပ်မတော်သားများက အခင်းဖြစ်နေရာသို့ လာရောက်ကာ ပြိုကျနေသော မြေသားများအောက်၌ ပိတ်မိပြီး ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေကယ်ဆယ်နေကြောင်း သိရသည်။

**Mon**



# တာဝန်ဆိုင်းငံ့ခံထားရသော တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၌ စစ်ဆေးကြားနာမှုခံယူ

**ဆိုးလ် ဇန်နဝါရီ ၂၁**

တာဝန်ဆိုင်းငံ့ခံထားရသော တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ဆိုးလ်မြို့တော်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၌ ယမန်နေ့က စစ်ဆေးကြားနာမှုခံယူခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၆၄ နှစ်အရွယ် ယွန်းဆွတ်ယူးလ်သည် စစ်ဥပဒေကြေညာပြီးနောက် ပါလီမန်အဆောက်အအုံအတွင်းရှိ ဥပဒေပြုပါလီမန်အမတ်များကို ဆွဲထုတ်ရန် အမိန့်ပေးခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ထိုစွပ်စွဲချက်နှင့်ပတ်သက်၍ တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ယင်းကဲ့သို့ အမိန့်ပေးခဲ့သည်မှာ ဟုတ်မှန်ပါသလားဟု မေးမြန်းရာ ယွန်းက မဟုတ်မှန်ကြောင်း ထွက်ဆိုခဲ့သည်ဟု တောင်ကိုရီးယားတရားရေးဌာန ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားသည်။

စစ်ဥပဒေကြေညာခြင်းကို ကန့်ကွက်မည့် ပါလီမန်အစည်းအဝေးကို မည်သည့်သမ္မတကမျှ တားဆီးနိုင်ဖွယ်ရှိမည်မဟုတ်သည်ကို သိနားလည်ပြီးဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ထွက်ဆိုခဲ့သည်။

ထို့ပြင် ပါလီမန်နှင့်သတင်းမီဒီယာသည် သမ္မတထက်ပင် ပို၍ ဩဇာလွှမ်းမိုးမှုရှိသည်ဟုလည်း ယွန်းဆွတ်ယူးလ်က ထောက်ပြခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# နေရောင်ခြည်စွမ်းအင်စုဆောင်းသော ကျောင်းသုံးကျောပိုးအိတ်များ တန်ဇန်းနီးယားနိုင်ငံတွင် ရောင်းအားကောင်းလာလျက်ရှိသည်ဟု ဆို

**ဒိုဒိုမာ ဇန်နဝါရီ ၂၁**

နေရောင်ခြည်စွမ်းအင်စုဆောင်းသော ကျောင်းသုံးကျောပိုးအိတ်များ တန်ဇန်းနီးယားနိုင်ငံတွင် ရောင်းအားကောင်းလာလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၃၃ နှစ်အရွယ် ဂျိမ်းဆိုသူက ၎င်း၏ရွေ့လျားစာကြည့်တိုက်သို့ လာကြသော ကလေးများ ညပိုင်းတွင် စာဖတ်နိုင်စေရန် ကြံဆရာမှ ထိုနေရောင်ခြည်စွမ်းအင်စုဆောင်းသော ကျောင်းသုံး ကျောပိုးအိတ်ကို ၂၀၁၆ ခုနှစ်က စတင်ဖန်တီးချုပ်လုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ မှာယူတင်သွင်းသော နေစွမ်းအင်ပြားငယ်များကို ကျောပိုးအိတ်တွင် တွဲချုပ်ကာ ကလေးများ နေ့ပူထဲတွင် ကျောင်းသွားရင်း နေစွမ်းအင်စုဆောင်းပြီးနောက် ညနေပိုင်းအိမ်ပြန်ရောက်ချိန်တွင် ထိုနေစွမ်းအင်ဓာတ်အားကို လျှပ်စစ်မီးအဖြစ် နာရီအနည်းငယ်ကြာ အသုံးပြုနိုင်သဖြင့် ကလေးများရော ကျေးလက်နေမိဘများပါ သဘောကျခဲ့ကြကြောင်း ဂျိမ်းစ်က ရှင်းလင်းပြောပြသည်။

အစပိုင်းတွင် ၎င်း၏ရွေ့လျားစာကြည့်တိုက်မှတစ်ဆင့် နေစွမ်းအင်စုဆောင်းသော ကျောပိုးအိတ်များကို ဖြန့်ဖြူးရောင်းချပေးခဲ့ရာ တဖြည်းဖြည်း လူကြိုက်များလာသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဆိုမာဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ဘူလာလေကျေးရွာတွင် ကျောပိုးအိတ်စက်ရုံတည်ထောင်ကာ ထိုအိတ်များကို တိုးမြှင့်ထုတ်လုပ်ခဲ့သည်။

ယခုအခါ ဂျိမ်းစ် တည်ထောင်ခဲ့သည့် နေရောင်ခြည်စွမ်းအင်စုဆောင်းသော ဆိုမာကျောပိုးအိတ်စက်ရုံတွင် ဝန်ထမ်း ၆၅ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**



# တူရကီနိုင်ငံ ဘိုလူမြို့ရှိ နှင်းလျှောစီးအပန်းဖြေဟိုတယ်တစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ လူ ၆၆ ဦးထက်မနည်း သေဆုံးခဲ့ရ

**အန်ကာရာ ဇန်နဝါရီ ၂၁**

တူရကီနိုင်ငံ ဘိုလူမြို့ရှိ ဂရင်းကာတားလ်ဟု အမည်ရသော နှင်းလျှောစီးအပန်းဖြေဟိုတယ်တစ်ခု၌ ဇန်နဝါရီ ၂၀ ရက်က မီးလောင်မှုဖြစ်ပွားရာ လူ ၆၆ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထပ် ၁၂ ထပ်ရှိသော အဆိုပါအပန်းဖြေဟိုတယ်၌ နံနက်အရုဏ်မတက်မီ လူအများအိပ်စက်နေချိန်တွင် ထိုမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးငြိမ်းသတ်ရန် ၁၂ နာရီကြာမြင့်ခဲ့ကြောင်း ဒေသခံမီးသတ်သမားများက ထုတ်ဖော်ပြောကြားသည်။



အခင်းဖြစ်ပွားချိန်တွင် ထိုဟိုတယ်၌ ဧည့်သည်ပေါင်း ၂၃၄ ဦး တည်းခိုနေထိုင်လျက်ရှိကြောင်း ဟိုတယ်မန်နေဂျာက ရှင်းလင်းပြောပြသည်။

ဟိုတယ်ပိုင်ရှင်အပါအဝင် လူလေးဦးကို ဖမ်းဆီးကာ စစ်ဆေးမေးမြန်းနေသည်ဟု တူရကီပြည်ထဲရေးဝန်ကြီး အလီယာလီကာတယာက အတည်ပြုသည်။

မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့နှင့် ဒေသခံရဲတပ်ဖွဲ့ ပူးပေါင်းပြီး ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရပ်ကွက်များအတွင်း လှည့်လည်အသိပေးနှိုးဆော်ခြင်း ဆောင်ရွက်



**တောင်တွင်းကြီး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူလူထုအား မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်၊ မီးဘေးအသိ၊ မီးဘေးသတိရှိစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးလှည့်လည်နှိုးဆော်ခြင်းကို ယမန်နေ့ ညနေ ၄နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးအသိ၊ မီးဘေးသတိဖြင့် နေထိုင်သွားရန်၊ မိမိတို့နေအိမ်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာများ ဝန်အားမျှတစွာ အသုံးပြုရန်နှင့် မလိုအပ်ပါက စနစ်တကျ ပိတ်ထားစေရန်၊ မီးကြွင်းမီးကျန်များအား ဂရုတစိုက်စစ်ဆေးရန်၊ တရားမဝင် လောင်စာဆီများ သိုလှောင်ခြင်းမပြုလုပ်ရန်၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေများ ပြည့်စုံစွာ ထားရှိသွားရန်နှင့် မီးသတ်ဆေးဘူးများ ဆောင်ထားရန်၊ အရေးပေါ်အခြေအနေသို့ ရောက်ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ဆောင်ရွက်နိုင်ရန်တို့ကို အသိပေးနှိုးဆော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့မမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်(၁၀)ရပ်ကွက်သို့ လှည့်လည် အသိပေးနှိုးဆော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)



# ချမ်းမြသာစည်မြို့နယ်တွင် အရေးပေါ် မီးငြိမ်းသတ်ရန် ရေယူစက်ရုံ(PUMP HOUSE)စစ်ဆေးခြင်းများ ပြုလုပ်

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ကန်တော်ကြီးပတ်လည်ရှိ အရေးပေါ်မီးငြိမ်းသတ်ရန် ရေယူစက်ရုံ(PUMP HOUSE)အား ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ PUMP HOUSE ကောင်းမွန်စွာ အလုပ်လုပ်နိုင်မှု ရှိ၊ မရှိအား လက်တွေ့စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)



# ကုန်မျိုးစုံအရောင်းဆိုင်တွင် မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၀)၊ ၇၃ လမ်းနှင့် ၃၂ လမ်းထောင့်ရှိ ကုန်မျိုးစုံအရောင်းဆိုင်တွင် မီးလောင်ကျွမ်းမှု ယမန်နေ့ နံနက် ၅ နာရီခွဲက ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦးသည် မီးငြိမ်းသတ်ယာဉ် ၇ စီး၊ မီးသတ်ရေသယ်ယာဉ် ၃ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် အမျိုးသမီးနှစ်ဦး မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းရှိ ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်သည့်အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

မီးမရှိသေ

သုံးစွဲလေ မွဲတေဆင်းရဲမည်။

# ရောဝတီမြစ်အတွင်း ရေချိုးဆင်းရာမှ ရေနစ်ပျောက်ဆုံးမှု ဖြစ်ပွား

**ညောင်ဦး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ အမှတ်(၁)ရုံးညောင်ပင်ရပ်ကွက် ဧရာဝတီမြစ်ရေချိုးဆိပ်တွင် အသက်(၁၃)နှစ်အရွယ် ကျောင်းသားတစ်ဦး ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရေချိုးဆင်းရာမှ ရေနစ်ပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁နာရီခန့်က ညောင်ဦးမြို့၊ အမှတ်(၆)၊တက်သိမ်း(မ)ရပ်ကွက်နေ မောင်ခန့်ခန့်ဦး အသက်(၁၃)နှစ် ကျောင်းသားသည် အသက်ရွယ်တူ သူငယ်ချင်းနှစ်ဦးနှင့်အတူ ညောင်ဦးမြို့၊ အမှတ်(၁)၊ ရုံးညောင်ပင်ရပ်ကွက်၊ဧရာဝတီမြစ် ရေချိုးဆိပ်တွင် ရေချိုးဆင်းရင်း အဖော်ပါလာသူ သူငယ်ချင်းအား ရေငုပ်ပြမယ်ဟု ပြောကာ ရေငုပ်ပြရာမှတစ်ဆင့် ရေနစ်ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေနစ်ပျောက်ဆုံးသူ ကျောင်းသားအား ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများ၊ ရေငုပ်ကျွမ်းကျင်သူများနှင့်အတူ ပူးပေါင်းပြီး ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မိုင်းပျဉ်းမြို့ဘက်မှ ကျိုင်းတုံမြို့ဘက်သို့ စိုင်းစံလှ ဆိုသူ မောင်းနှင်ပြီး စိုင်းဝန်းခေါင် ဆိုသူ လိုက်ပါလာသည့် ISUZU အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၉၆၆၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းဆိုင်အွန်(ခ) အိုက်ဆိုင်နှင့် စိုင်းညွန့် ဆိုသူတို့အား တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းသုံးလုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစံလှ(၃၂)နှစ်၊ စိုင်းဝန်းခေါင်(၁၈)နှစ်၊ စိုင်းဆိုင်အွန်(ခ)အိုက်ဆိုင်(၂၄)နှစ်နှင့် စိုင်းညွန့်(၂၁)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်သူ အမျိုးသား ၁၀ ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၌ ဇန်နဝါရီ ၁၇ ရက်က ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်သူ အမျိုးသား ၁၀ ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရွာငံမြို့နယ်၊ ပွေးပြတ်ကျေးရွာအနီး ယကြီးကျေးရွာနေ သာချိုဆိုသူ ပိုင်ဆိုင်သည့် တောင်ယာခင်းအတွင်း၌ ခြောက်ကောင်ဂျင်လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ရွာငံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ သာချိုဆိုသူပါ အမျိုးသား ၁၀ ဦးအား ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ ဆိုင်ကယ် ၁၃ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သာချိုဆိုသူ (ပါ-၁၀) ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# ရန်ကုန်မြို့ရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးကာ ငွေညှစ်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧည့်စာရင်းအကြောင်းပြ၍ ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်နေပြီး ဇန်နဝါရီ ၁၆ ရက် ညပိုင်းက မြို့လယ်ရှိ အဆောင်တစ်ခုကို ဝင်ရောက်စစ်ဆေး၍ ငွေမပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံခြင်းများ မရှိကြောင်း၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်သမားများ တရားမဝင် ခိုအောင်းဝင်ရောက်၍ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် လုံခြုံရေး ပူးပေါင်းအဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေး ရှာဖွေခြင်းများသာ လုပ်ဆောင်လျက် ရှိကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အဆိုပါနယ်မြေအတွင်း လုံခြုံရေး ပူးပေါင်းအဖွဲ့များ၏ နေ့ညမပြတ် စစ်ဆေး ရှာဖွေခြင်းများကြောင့် ဝင်ထွက်သွားလာနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ဖြစ်စဉ်ဖြစ်ရပ်ကိုက်ညီမှုမရှိသည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ခုနှစ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး ဇန်နဝါရီ ၂၁**

၂၀၂၅ခုနှစ် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်းများ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာအသီးသီးမှ ဦးစီးမှူးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များအသင်း၊ ပျိုးပင်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ပန်းဝါသနာရှင်အသင်း၊ တိုင်းကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် (၂၀၂၅)ခုနှစ် (၂၁)ကြိမ်မြောက် ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ (၁၁)ရက်မှ (၁၄)ရက်အထိ ချမ်းမြသာစည်မြို့နယ် ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့် ဆင်ဖြူကန်ကွင်း အရှေ့ဘက်ခြမ်းနေရာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ရာ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများတွင် ပြည်သူလူထုစိတ်ပါဝင်စားလာစေရန်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်အဆင့်မြင့်စိုက်ပျိုးနည်းပညာများ ဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဟူသော ရည်ရွယ်ချက် (၅)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးပညာပေးပြခန်းများ၊ ဌာနဆိုင်ရာများ၏ ပြခန်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပြခန်းများအပါအဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲများ၊ ပျိုးပင်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း၍ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆင်ဖြူကန်ကွင်းအတွင်း စနစ်တကျပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲကြီး အောင်မြင်စွာဖြင့် ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးတွင် ပါဝင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်တီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ သတင်းထုတ်ပြန်ရေး၊ မှတ်တမ်းတင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ အကဲဖြတ်ဒိုင်အဖွဲ့နှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပညာပေးပြခန်းများ ပြသရေးဆပ်ကော်မတီ၊ ပြိုင်ပွဲစိစစ်ရေးနှင့် ပြိုင်ပွဲဝင်ပစ္စည်းများ လက်ခံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲအတွင်း ကား၊ ဆိုင်ကယ်စတင်း နေရာချထားရေးဆပ်ကော်မတီ၊ ပြိုင်ပွဲအတွင်း ဈေးဆိုင်ခန်းများ နေရာချထားရေးဆပ်ကော်မတီနှင့် ကျွေးမွေးရေးဆပ်ကော်မတီအသီးသီးတို့မှ ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ ပြပွဲ၊ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြပွဲ၊ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ပြပွဲလာ ပြည်သူများ အပန်းဖြေနိုင်ရန်နှင့် ကြည်နူးပျော်ရွှင်စေရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ကြရန်၊ အသုံးစရိတ်များကိုလည်း ဆပ်ကော်မတီအလိုက် တင်ပြ၍ တောင်းခံကြရန်၊ ယခုနှစ်တွင် ဌာနဆိုင်ရာ ပြခန်း (၁၆)ခန်းအထိ တိုးမြှင့်ပြသသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ခန်းများ၊ ကလေးကစားကွင်းတို့ပါ လာရောက်ဖွင့်လှစ်သွားမည်ဖြစ်သည့်အပြင် စားသောက်ဆိုင်ခန်းများ၊ ကား၊ ဆိုင်ကယ်ရပ်နားရန် နေရာများပါ စနစ်တကျဆောင်ရွက်ထားပါကြောင်း၊ ဖျော်ဖြေရေးအနေဖြင့် မန္တလေးမြို့ဂုဏ်ဆောင် မြို့မတေးဂီတအဖွဲ့၊ မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြို့ပေါ်မှ တေးဂီတအဖွဲ့များ၊ ဒီဂျေ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကိုလည်း ပြိုင်ပွဲအမျိုးအစား (၂၃)မျိုး သတ်မှတ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမှာဖြစ်ကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲသို့ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်များက ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အချိန်မီ သိရှိနိုင်ရေး အသိပေးအကြောင်းကြားခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဤသစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကြီးအား အောင်မြင်စွာ ကျင်းပပြီးစီးရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်းတွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ပေးနေ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရှိ ဓာတ်ခွဲခန်းတွင် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်လုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်ရာတွင် ဓာတုဓာတ်ခွဲပေးခြင်း (Chemical Analysis) ဖြင့် Nutirtion စမ်းသပ်ခြင်းနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း၌ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည်များကို ဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိရာ လက်ရှိတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အမျိုးအစား ပေါင်း ၉၁၈ ခုကို ဓာတ်ခွဲစမ်းသပ်မှု ပြုလုပ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးထံက သိရသည်။

''အဓိကအားဖြင့် လုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေမှာ အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတုဆေးဝါးတွေ ပါဝင်မှုမရှိစေရန်နဲ့ ဈေးကွက်အတွင်း ဝင်ရောက်လာမှု မရှိစေရန်အတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်မျိုးနဲ့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်၊ ဓာတ်ခွဲမှုမှာ စားသောက်ကုန်လုပ်ငန်းတွေက အများဆုံးလာပါတယ်'' ဟု မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းဗိုလ်က ပြောသည်။



ယခုဘဏ္ဍာနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည် ၆၂၅မျိုးကို လျာထားဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ပြီး ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်း ၄၁၆ မျိုးနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးခြင်း ၂၀၉ မျိုး ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် ၃၈၃ မျိုးနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးခြင်း ၅၃၅ မျိုး စုစုပေါင်း ၉၁၈ မျိုးကို ဓာတ်ခွဲစမ်းသပ်ပေးခဲ့ပြီး လျာထားချက်ထက်ကျော်၍ ဓာတ်ခွဲစမ်းသပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

''စားသောက်ကုန်တွေမှာ ခွင့်မပြုထားတဲ့ ဓာတုဆိုးဆေးတွေပါဝင်မှုရှိ မရှိ စားသုံးသူတွေကို ဘေးအန္တရာယ်ဖြစ်စေမယ့် ခဲအဆိပ်ဓာတ်ပါဝင်မှု ရှိ၊ မရှိ ကင်ဆာဖြစ်စေနိုင်တဲ့ အဆိပ်မှိုပါဝင်မှု ရှိ၊ မရှိနဲ့ အဏုဇီဝပိုးမွှားတွေပါဝင်မှု ရှိ၊ မရှိ စသည်တွေကို ဓာတုဗေဒဓာတ်ခွဲ စမ်းသပ်ပေးခြင်းနဲ့ အဏုဇီဝ ဓာတ်ခွဲစမ်းသပ်ခြင်းတို့နဲ့ ဆောင်ရွက်ပေးနေပါတယ်'' ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းပြုလုပ်နေသူများကို ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေကြောင်း၊ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ဓာတ်ခွဲဆောင်ရွက်မှု ၃၂၄ ကြိမ်၊ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်တွင် ၆၁၅ ကြိမ်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၈၇၉ ကြိမ် ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၉၁၈ ကြိမ် ဓာတ်ခွဲစမ်းသပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၄)**

| | |
|---|---|
| ၂၀၂၄-၂၀၂၅မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး | NGB |
| ဒဂုံစတား ၁ - ၁ ဟံသာဝတီ | |

| | |
|---|---|
| ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး | NGB |
| ဂါလာတာစာရေး ၃ - ၃ ဒိုင်နမိုကီယက် | |






## မာမာဒူဆားအား ခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇန်နဝါရီ ၂၁**

ချဲလ်ဆီးအသင်းသည် စထရာဘော့အသင်း နောက်ခံကစားသမား မာမာဒူဆားအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စထရာဘော့အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ပွဲ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရမှုကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းကလည်း စထရာဘော့အသင်းထံ မာမာဒူဆားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၁ဒသမ ၉သန်း ပေးချေခဲ့ရကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နောက်ခံကစားသမား မာမာဒူဆားအား ချဲလ်ဆီးအသင်းကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2025 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၂၁**

သြစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ်Iga Swiatek တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂျာမနီတင်းနစ်မယ် Eva Lys အား ၆-၀၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အမေရိကန်တင်းနစ်မယ် Emma Navarro တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**



## မူရယ်လို နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၂၁**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်း နောက်ခံကစားသမား မူရယ်လိုအား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**



အဆိုပါ နောက်ခံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၇ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် တိုးမြှင့်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ မူရယ်လိုက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် တိုးမြှင့်ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းမှာကစားရတာလည်း အလွန်ပျော်ရွှင်ပါတယ်။ ဒီအသင်းနှင့်အတူ ရလဒ်ကောင်းတွေလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

**(NGB)**

## ခူဆာနော့ဗ် မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၄၅ဂျာစီအား ဝတ်ဆင်ကစားသွားမည်




**မန်ချက်စတာ ဇန်နဝါရီ ၂၁**

နောက်ခံကစားသမားသစ် ခူဆာနော့ဗ် မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၄၅ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် လန်းစ်အသင်းမှ မန်ချက်စတာစီးတီး အသင်းသို့ ပြောင်းရွှေ့ကြေး ၃၃ ဒသမ ၆ သန်းဖြင့် ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ခူဆာနော့ဗ်သည် လန်းစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ခူဆာနော့ဗ်က 'ကျွန်တော် မန်ချက်စတာစီးတီးအသင်းမှာ ကျောနံပါတ် ၄၅ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရယူနိုင်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်တွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အများဆုံး ဂျပန်ကစားသမားအဖြစ် ဘရိုက်တန်အသင်းကစားသမား မီတိုမာက မှတ်တမ်းဝင်ခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်း၏ ဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်သည် အသင်း ဥက္ကဋ္ဌတာဝန်အား ၂၀၂၉ခုနှစ်အထိ ထပ်မံတာဝန်ယူသွားမည် ဖြစ်သည်။

* မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဂါနာချိုကခေါ်ယူလိုသည့် အသင်းများထဲတွင် ချဲလ်ဆီး အသင်းလည်း ပါဝင်လာပြီ ဖြစ်သည်။

**(NGB)**

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ အိမ်/ဧည့်ကွင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁-၂၀၂၅ | (၃၄)လိုက်ပဇစ် - စပိုတင်းလစ္စဘွန်း(၁၇) | ——— | လိုက်ပဇစ်(အိမ်) | ၈ | ၅ | ၂ | ၁ | ၁၅ | ၉ |
| နံနက်၀၀:၁၅နာရီ | (ဂျာမနီ-၅) (ပေါ်တူဂီ-၁) | | စပိုတင်းလစ္စဘွန်း(ဧည့်) | ၁၀ | ၇ | ၂ | ၁ | ၃၂ | ၉ |
| ။ | (၂၇)ရှက်တာဒိုနက် - ဘရက်(၇) | ——— | ရှက်တာဒိုနက်(အိမ်) | ၉ | ၇ | ၁ | ၁ | ၂၉ | ၈ |
| | (ယူကရိန်း-၃) (ပြင်သစ်-၉) | | ဘရက်(ဧည့်) | ၉ | ၂ | - | ၇ | ၉ | ၂၁ |
| ၂၃-၁-၂၀၂၅ | (၂၁)ဆဲလ်တစ် - ယန်းဘွိုင်းစ်(၃၆) | ——— | ဆဲလ်တစ်(အိမ်) | ၁၁ | ၁၀ | ၁ | - | ၃၄ | ၂ |
| နံနက် ၀၂:၃၀ နာရီ | (စကော့တလန်-၁) (ဆွစ်ဇာလန်-၉) | | ယန်းဘွိုင်းစ်(ဧည့်) | ၉ | ၁ | ၃ | ၅ | ၉ | ၁၇ |
| ။ | (၁၈)ဗီယင်နာ - ဘိုင်ယန်မြူးနစ်(၁၀) | ဗီယင်နာ ၂-၂ ဘိုင်ယန်မြူးနစ် | ဗီယင်နာ(အိမ်) | ၉ | ၅ | ၂ | ၂ | ၁၈ | ၁၁ |
| | (နယ်သာလန်-၄) (ဂျာမနီ-၁) | ဘိုင်ယန်မြူးနစ် ၃-၁ ဗီယင်နာ | ဘိုင်ယန်မြူးနစ်(ဧည့်) | ၉ | ၆ | ၂ | ၁ | ၂၆ | ၉ |
| ။ | (၁၂)အေစီမီလန် - ဂျီရိုနာ(၃၀) | ——— | အေစီမီလန်(အိမ်) | ၁၀ | ၄ | ၅ | ၁ | ၁၅ | ၆ |
| | (အီတလီ-၈) (စပိန်-၈) | | ဂျီရိုနာ(ဧည့်) | ၁၀ | ၃ | ၃ | ၄ | ၉ | ၁၂ |
| ။ | (၂၅)PSG - မန်စီးတီး(၂၂) | PSG ၂-၀ မန်စီးတီး | PSG(အိမ်) | ၉ | ၈ | ၁ | - | ၂၆ | ၇ |
| | (ပြင်သစ်-၁) (အင်္ဂလန်-) | မန်စီးတီး ၂-၁ PSG | မန်စီးတီး(ဧည့်) | ၁၂ | ၅ | ၃ | ၄ | ၂၃ | ၁၅ |
| ။ | (၂၀)ဖေယင်နော့ဒ် -အင်တာမီလန်(၆) | ဖေယင်နော့ဒ် ၃-၁ အင်တာမီလန် | ဖေယင်နော့ဒ်(အိမ်) | ၁၀ | ၆ | ၂ | ၂ | ၁၉ | ၁၃ |
| | (ဒတ်ချ်-၃) (အီတလီ-၂) | အင်တာမီလန် ၂-၁ ဖေယင်နော့ဒ် | အင်တာမီလန်(ဧည့်) | ၉ | ၇ | ၂ | - | ၂၅ | ၅ |
| ။ | (၃)အာဆင်နယ် - ဒိုင်နမိုဇာဂရက်(၂၄) | အာဆင်နယ် ၃-၀ ဒိုင်နမိုဇာဂရက် | အာဆင်နယ်(အိမ်) | ၁၁ | ၇ | ၄ | - | ၂၂ | ၉ |
| | (အင်္ဂလန်-၂) (ခရိုအေးရှား-၃) | ဒိုင်နမိုဇာဂရက် ၂-၁ အာဆင်နယ် | ဒိုင်နမိုဇာဂရက်(ဧည့်) | ၉ | ၃ | ၃ | ၃ | ၁၄ | ၁၄ |
| ။ | (၂၀)ရီးရဲလ်မက်ဒရစ် - ဆောလ်ဘတ်(၃၂) | ဆောလ်ဘတ် ၀-၁ ရီးရဲလ်မက်ဒရစ် | ရီးရဲလ်မက်ဒရစ်(အိမ်) | ၁၀ | ၉ | - | ၁ | ၂၈ | ၁၀ |
| | (စပိန်-၁) (ဩစတြီးယား-၅) | (၇-၈-၂၀၁၉ ခြေစမ်းပွဲ) | ဆောလ်ဘတ်(ဧည့်) | ၈ | ၂ | ၃ | ၃ | ၇ | ၁၃ |

( )အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း (၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ အိမ်/ဧည့်ကွင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၁-၂၀၂၅ | (၂၈)ဘက်ဆစ်တစ် - ဘီလ်ဘာအို(၂) | ဘက်ဆစ်တစ် ၃-၁ ဘီလ်ဘာအို | ဘက်ဆစ်တစ်(အိမ်) | ၁၀ | ၆ | ၂ | ၂ | ၁၇ | ၁၂ |
| ည ၁၀:၀၀ နာရီ | (တူရကီ-၆) (စပိန်-၄) | (၄-၁၁-၂၀၀၄ ယူရိုပါလိဂ်အုပ်စု) | ဘီလ်ဘာအို(ဧည့်) | ၁၀ | ၅ | ၃ | ၂ | ၁၅ | ၁၁ |

( )အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း (၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၁-၂၀၂၅ | (၁)လိဒ်စ် - နော့ဝစ်ချ်(၁၁) | လိဒ်စ် ၄-၀ နော့ဝစ်ချ် | လိဒ်စ်(အိမ်) | ၁၄ | ၁၁ | ၂ | ၁ | ၃၃ | ၇ |
| နံနက်၀၂:၁၅နာရီ | (နော့ဝစ်ချ် ၁-၁ လိဒ်စ်) | နော့ဝစ်ချ် ၀-၀ လိဒ်စ် | နော့ဝစ်ချ်(ဧည့်) | ၁၄ | ၃ | ၄ | ၇ | ၁၂ | ၂၁ |
| ။ | (၂၂)ပို့စ်မောက် - စတုတ်(၁၈) | ပို့စ်မောက် ၁-၂ စတုတ် | ပို့စ်မောက်(အိမ်) | ၁၂ | ၅ | ၄ | ၃ | ၁၉ | ၁၂ |
| | (စတုတ် ၆-၁ ပို့စ်မောက်) | စတုတ် ၁-၀ ပို့စ်မောက် | စတုတ်(ဧည့်) | ၁၃ | ၂ | ၄ | ၇ | ၇ | ၁၆ |
| ။ | (၁၈)ရှက်ဖီးလ်Wed - ဘရစ္စတိုး(၉) | ရှက်ဖီးလ်Wed ၂-၁ ဘရစ္စတိုး | ရှက်ဖီးလ်Wed(အိမ်) | ၁၄ | ၅ | ၅ | ၄ | ၂၂ | ၂၀ |
| | (ဘရစ္စတိုး ၀-၀ ရှက်ဖီးလ်Wed) | ဘရစ္စတိုး ၁-၀ ရှက်ဖီးလ်Wed | ဘရစ္စတိုး(ဧည့်) | ၁၄ | ၃ | ၅ | ၆ | ၁၄ | ၂၁ |
| ၂၃-၁-၂၀၂၅ | (၂၄)ပလိုင်းမောက် - ဘန်လေ(၃) | ပလိုင်းမောက် ၁-၂ ဘန်လေ | ပလိုင်းမောက်(အိမ်) | ၁၃ | ၄ | ၆ | ၃ | ၂၂ | ၂၀ |
| နံနက် ၀၂:၃၀ နာရီ | (ဘန်လေ ၁-၀ ပလိုင်းမောက်) | ဘန်လေ ၀-၀ ပလိုင်းမောက် | ဘန်လေ(ဧည့်) | ၁၄ | ၈ | ၄ | ၂ | ၁၆ | ၅ |

### အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(အုပ်စု-က)ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/ပထမအကျော့ရလဒ် |
|---|---|---|
| ၂၂-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၆း၃၀နာရီ | ရှမ်း - ဘန်ကောက်ပတ်ထုံ (မြန်မာ-၁) (ထိုင်း-၆) |

# မန္တလေးမြို့ရှိ ရတနာပုံခေတ်လက်ရာ ရွှေနန်းတော်ကျောင်းကြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်အနီးတွင်ရှိသော ရတနာပုံခေတ်လက်ရာဖြစ်သည့် ရွှေနန်းတော်ကျောင်း (ရွှေကျောင်းကြီး)ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး ဌာနခွဲ)က ရှေးမူမပျက် ရေရှည်တည်တံ့ပြီး အများပြည်သူလေ့လာနိုင်ရန်အတွက် ယခုနှစ်တွင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ ဦးစီးအရာရှိဒေါ်စန်းစန်းပြုံးက ပြောသည်။



ယခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအနက် လက်ရှိတွင် ရွှေနန်းတော်ကျောင်းကြီးရှေ့ မျက်နှာစာဆိုင်းဘုတ်မှ စာလုံးများ ပြန်လည်ပြုပြင်ရေးသားခြင်း၊ ကျောင်းတော်ကြီးနှင့် ပတ်သက်သည့် သမိုင်းအချက်အလက်များဆိုင်ရာ ရှင်းလင်းချက်ပုံပြစာသားများ အသစ်ဆောင်ရွက်ခြင်း၊ အောက်ခြေတိုင်များတွင် ရေနံချေးသုတ်လိမ်းခြင်း၊ ဇေတဝန်ဆောင်အနောက်ဘက်နှင့်အရှေ့ဘက်ခန်းတွင်ရှိသော တိုင်ခွာများအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ပျက်စီးနေသော ပွတ်လုံးတိုင်များ ပြန်လည်ပြုပြင်အစားထိုး ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အဆောက်အအုံနှင့်မလွတ်ကင်းသော သစ်ကိုင်းများ ရှင်းလင်းခြင်းစသည့်လုပ်ငန်း ခြောက်ခုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေနန်းတော်ကျောင်းကြီးဟာ ရှင်ဘုရင်လှူဒါန်းတာဖြစ်လို့ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများထဲမှာ ပထမတန်းစားအမျိုးအစားထဲမှာ ပါဝင်ပါတယ်။ ကျွန်မတို့ဌာနက နှစ်စဉ် ရှေးမူလက်ရာမပျက် ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ လာရောက်လေ့လာကြတဲ့ ပြည်တွင်း ပြည်ပဧည့်သည်တွေ ရောက်ရှိလာတဲ့အခါ သမိုင်းကြောင်းဆိုင်ရာနဲ့ သူတို့သိလိုတာတွေကို ရှင်းပြပေးပါတယ်။ ရွှေနန်းတော်ကျောင်းကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ မပျက်စီးဘဲ ကျန်ရှိခဲ့တာဖြစ်သလို မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာတွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာနိုင်တဲ့အတွက် ပြည်တွင်း ပြည်ပခရီးသွားများသာမက တက္ကသိုလ်ကောလိပ်နဲ့ အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူများအားလုံး လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဒေါ်စန်းစန်းပြုံးက ပြောသည်။

ထို့ပြင်ရွှေနန်းတော်ကျောင်း ဘုရားဆောင်အတွင်းရှိ မောင်းမလည်တိုင်များတွင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်စဉ် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို အလျား ၆ ပေ ၄ လက်မ၊ အထု သုံးလက်မ ရှိသော ကျွန်းပြားပေါ်၌ ပန်းနွယ် ပန်းခက်များဖြင့် ရုပ်လုံးကြွသရုပ်ဖော်ထွင်းထုထားရာ ရေရှည်တည်တံ့ရေးအတွက် လာရောက်ကြည့်ရှုသူများ ကိုင်တွယ်ခြင်းမရှိစေရန် အကာအရံများပြုလုပ်ခြင်းတို့လည်း ဆောင်ရွက်ထားကြောင်း သိရသည်။

"ရွှေနန်းတော်ကျောင်းကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၉၅ ခုနှစ်မှာ စတင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ လာရောက်လေ့လာမယ်ဆိုရင် ဝင်ကြေးအနေနဲ့ ပြည်တွင်း ဧည့်သည်တစ်ဦးကို ငွေကျပ် ၅၀၀ နဲ့ ၁၂ နှစ်အောက်ဆိုရင် အခမဲ့ ဖြစ်ပါတယ်။ ပြည်ပခရီးသွားတစ်ဦးဆိုရင် ငွေကျပ် ၁၅၀၀၀ ကောက်ခံပါတယ်။ ကျောင်းသား ကျောင်းသူတွေဆိုရင် ဝင်ခွင့်အတွက် ကင်းလွတ်ခွင့် ပြုထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရွှေနန်းတော်ကျောင်းသည် ယခင်က မြနန်းစံကျော် ရွှေနန်းတော်အတွင်း တည်ရှိခဲ့ပြီး မင်းတုန်းမင်းကြီး၏ သီးခြားဆောင်အဖြစ် အသုံးပြုခဲ့ကာ ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ မင်းတုန်းမင်းနတ်ရွာ စံပြီးနောက် သားတော် သီပေါမင်းက စနစ်တကျဖြုတ်သိမ်းကာ လက်ရှိနေရာ၌ ပြောင်းရွှေ့တည်ဆောက်ခဲ့ရာ ၁၈၈၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းနှင့် တိုင်ပေါင်း ၁၅၀၊ ရှေ့နောက် ၁၁၆ ပေ၊တောင်မြောက် ၇၁ ပေနှင့် အမြင့် ပေ ၆၀ ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် မြန်မာ့ရိုးရာ(အခြေခံ၊အဆင့်မြင့်) သိုင်းပညာသင်တန်း အမှတ်စဉ်(၃)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကျောင်းအုပ်ကြီး ဦးစိုးကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအေးကိုကိုကအားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပြီး ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြန်မာ့သိုင်းစွမ်းရည်များ သရုပ်ပြသပေးခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာ(အခြေခံ၊အဆင့်မြင့်)သိုင်းပညာသင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၁၇ ရက်အထိ (၁၅)ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား၊သင်တန်းသူ ၄၆၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀



# ထိုင်းကုန်သွယ်မှုပြပွဲတွင် မြန်မာလုပ်ငန်းရှင်များ ပြခန်းအခမဲ့ရရှိမည်

Thai FEX-Anuga Asia 2025 တွင် ပြသမည့် မြန်မာလုပ်ငန်းရှင်များအား ပြခန်းအခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့မှ သိရသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန (DITP)မှ ကြီးမှူး၍ Thai FEX -Anuga Asia 2025 ကို ၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းတစ်ခန်းလျှင် (၂ ဒသမ ၂၅ မီတာ × ၂ ဒသမ ၂၅ မီတာ) အကျယ်အဝန်းရှိသည့် ပြခန်း အခမဲ့ပံ့ပိုးသွားမည်ဖြစ်ပြီး ပြပွဲတွင် ပါဝင်ပြသခြင်းအားဖြင့် မြန်မာ့ထွက်ကုန်များကို မိတ်ဆက်ပြသနိုင်ခြင်းနှင့် ဈေးကွက်အသစ်များ ရှာဖွေရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။

Thai FEX-Anuga Asia 2025 ပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် အချက်အလက်များ ဖြည့်သွင်း၍ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး ပါဝင်ပြသခွင့်ရရှိမည့် ကုမ္ပဏီအား စာရင်းပေးသွင်းမှု အစီအစဉ်အတိုင်း ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**



# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက် ၇ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဈ-၁ နှင့် ၂ ကြား)၊ ၆၁ လမ်းနှင့် ၁၀၇လမ်းထောင့်၊ မြို့သစ် (၃)ရပ်ကွက်၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန တောင်ဘက်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၈၉-က)၊ ကွက်သစ်ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်းနှင့် ဈေးလမ်းထောင့်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်



**တပ်ကုန်း ဇန်နဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်သင်ကြားပေးသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၉ နာရီခွဲက ရှောက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးအောင်မြင့်မိုးတို့က ရာဂီမုန်တိုင်းအရှိန်ကြောင့် မိသားစုဝင်ငွေများ ထိခိုက်ခံခဲ့ရသော ကျေးရွာများကို ဦးစားပေးအစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်များ သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းမှ သင်ကြားပို့ချသည့် ပညာရပ်များအား တတ်ကျွမ်းအောင် သင်ယူကြရန်၊ သင်တန်းကာလပြီးစီးပြီးနောက်ပိုင်းမှာ မိမိပတ်ဝန်းကျင် အိမ်ထောင်စုများကိုလည်း လက်ဆင့်ကမ်းသင်ကြားပေးရန်နှင့် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီးနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်ထောက်ကူပစ္စည်းများကို နည်းပြပညာဆရာမများအား ပေးအပ်ခဲ့သည်။

သင်တန်းသို့ ရှောက်ကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာနှင့် လက်ပန်ကုန်းကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး၊ သင်တန်းကာလမှာ ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းအဖြစ် ရောင်းချနိုင်အောင် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်လံမြို့၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်စကားဝိုင်း ကျင်းပ

**အောင်လံ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အသိပညာဗဟုသုတ ကြွယ်ဝစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့၊ အထက(ရွာထောင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက (ရွာထောင်) ကျောင်းအုပ်ဆရာကြီး ဦးစိုးသန့်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းလင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများ ဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံသားကောင်း လူငယ်များဖြစ်လာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိစေရန် ပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပရာ မောင်ဖြိုးမင်းကျော် G-10 က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မရည်မွန်အောင် G-10 က လူငယ်နှင့် အောင်မြင်ရေးပန်းတိုင်၊ မဖူးပြည့်သဇင် G-10 က လူငယ်နှင့် ကြီးပွားရေး၊ မောင်သာထက်စံ G-10 က လူငယ်နှင့်သတ္တိ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသားများမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ (၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# မြန်မာနိုင်ငံအတွင်းရှိ ဝါဂွမ်းများအား ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တင်ပို့ခွင့်ရရှိအောင် ဆောင်ရွက်သွားမည်

**မန္တလေး ဇန်နဝါရီ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အနေဖြင့် မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ဝါဂွမ်းများကို ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ထံက သိရသည်။

ပြည်ပနိုင်ငံများသို့ ပို့ကုန်အဖြစ် တင်ပို့မှုတိုးတက်လာစေရန်၊ စိုက်ပျိုးကဏ္ဍပိုမိုတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာနိုင်ငံများတွင်ရှိသည့် မြန်မာစီးပွားရေးသံမှူးများက ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ဝါဂွမ်းပို့ကုန်မြှင့်တင်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုး၊ ထွက်ရှိ၊ ထုတ်လုပ်၊သုံးစွဲမှုကိန်းဂဏန်းများကို မှန်ကန်စွာရရှိရေးမှာ အရေးကြီးသဖြင့် ဝါအသင်း၊စိုက်ပျိုးသူများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

ထို့မှသာ ဝါစိုက်ပျိုးမှု၊ထွက်ရှိမှုကိုသိရှိကာ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ၊ ခူးဆွတ်၊ရိတ်သိမ်း၊ တင်ပို့မှုပိုင်းဆိုင်ရာများနှင့် အခြားသော လိုအပ်ချက်များရှိလျှင်



ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝါထွက်ရာသီမှာလည်း ကျန်ရှိနေသေးသဖြင့် စနစ်တကျခူးဆွတ်ရိတ်သိမ်းသိုလှောင်ရန် လိုအပ်ပြီး နိုင်ငံတော်မှ သတ်မှတ်ထားသော ပို့ကုန်လျာထားချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဝါ၊ဝါး၊ရော်ဘာကုန်ကြမ်းတို့ကို အခြေခံပြီး စက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအား လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ပြည်ပပို့ကုန်ကဏ္ဍနှစ်ဆတိုးမြှင့်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀







## သင့်ကို အိုမင်းရင့်ရော်စေမည့် အလေ့အကျင့်ဆိုးများ

အိုမင်းရင့်ရော်ခြင်းဆိုတာ သဘာဝတရားတစ်ခုဖြစ်တယ်ဆိုပေမယ့် ကိုယ့်ရဲ့နေထိုင်စားသောက်ပုံကြောင့် အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းတွေဖြစ်စေပြီး အနေအထိုင်၊ အစားအသောက်၊ အသားအရေနဲ့ ခန္ဓာကိုယ်ထိန်းသိမ်းမှုကို သေချာလေးလုပ်ပေးမယ်ဆိုရင်တော့ အရွယ်တင်နုပျိုစေနိုင်ပါတယ်။ ဒါကြောင့်ဘယ်လို အမူအကျင့်တွေက အိုမင်းရင့်ရော်ခြင်းကိုဖြစ်စေသလဲဆိုတာ ဖော်ပြလိုက်ပါတယ်။

(၁) လေ့ကျင့်ခန်းနဲ့ ကိုယ်လက်လှုပ်ရှားမှုမလုပ်သူတွေဟာ ကျန်းမာရေးအတွက်လည်းမကောင်းတဲ့အပြင် လှုပ်ရှားမှုနည်းတာကြောင့် ခန္ဓာကိုယ်သွေးလည်ပတ်မှုမကောင်းတာကြောင့် အသားအရေ မကောင်းခြင်း၊ ဝိတ်တက်ခြင်းနဲ့ အိုမင်းရင့်ရော်မှုကို လွယ်ကူစေပါတယ်။

(၂) ဆီကြော်စာ၊ ဆီများတဲ့ အစားစာများ၊ ကစီဓာတ်များတဲ့ အစားအစာ၊ အချိုနဲ့ အငန်တွေကို အမြဲတမ်းစားတဲ့သူတွေဟာ ရေရှည်မှာ ဝိတ်တက်ခြင်း၊ သွေးတိုး၊ ဆီးချိုနဲ့ အခြားနာတာရှည်ရောဂါတွေအပြင် မျက်နှာအသားအရေကောင်းမွန်ခြင်းမရှိတော့တဲ့ ဝက်ခြံ၊ အဆီဖုနဲ့ အရေးအကြောင်းတွေကို ဖြစ်ပေါ်စေနိုင်တာကြောင့် အာဟာရရှိပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေကို စားပေးဖို့ လိုအပ်ပါတယ်။

(၃) အိပ်ချိန်နည်းပါးခြင်းနဲ့ အိပ်ရာဝင်နောက်ကျရင် ခန္ဓာကိုယ်အတွက် အနားပေးချိန် သိပ်မရှိတာကြောင့် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်တဲ့အပြင် အသားအရေညစ်နွမ်းပြီး အရေးအကြောင်းတွေဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် တစ်နေ့ကို အနည်းဆုံး ၇ နာရီ အိပ်စက်ပေးဖို့လိုအပ်ပြီး ညဘက်အိပ်ရာဝင်တဲ့အခါမှာလည်း ည ၁၀ နာရီ နောက်ဆုံးထားပြီး အိပ်ပေးတာအကောင်းဆုံးပါပဲ။

(၄) ရေသောက်နည်းခြင်းကလည်း အသားအရေခြောက်သွေ့ကြမ်းတမ်းခြင်းတွေဖြစ်စေပြီး အရေးအကြောင်းတွေဖြစ်ပေါ်လာပြီး အိုမင်းရင့်ရော်ခြင်းကိုဖြစ်စေတာကြောင့် တစ်နေ့ကို ရေအနည်းဆုံး နှစ်လီတာသောက်ပေးပါ။

(၅) စိုးရိမ်စိတ်များခြင်း၊ စိတ်ပူလွန်ခြင်း၊ ဒေါသထွက်ခြင်းကလည်း ရုပ်ကိုကြမ်းတမ်းရင့်ရော်စေတာကြောင့် စိတ်ကိုတည်ငြိမ်အောင်ထားတတ်ဖို့လည်း အရေးကြီးပါတယ်။

Daisy




## ရှားစောင်းလက်ပပ်ကိုအသုံးပြုပြီး အမည်းစက်တွေကို သက်သာစေနိုင်မယ့် နည်းလမ်း သုံးမျိုး

အရေပြားမှာ အမည်းစက်တွေရှိနေမယ်ဆိုရင် အသားအရေမညီမညာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု လျော့ကျနေတယ်ဆိုရင် အခုပြောပြမယ့် ရှားစောင်းလက်ပပ်ကို အသုံးပြုပြီး လုပ်လို့ရတဲ့ နည်းလမ်း (၃)ခုကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ခရမ်းချဉ်သီးနဲ့ ရှားစောင်းလက်ပပ်**

ခရမ်းချဉ်သီးမှာ Antioxidants Vitamin-A ကြွယ်ဝစွာပါဝင်တာကြောင့် ဝက်ခြံနဲ့အမည်းစက်တွေကို ဖယ်ရှားပေးပါတယ်။ ခရမ်းချဉ်သီးဖျော်ရည် ၁ ဇွန်း၊ ရှားစောင်းလက်ပပ်ဂျယ် ၃ ဇွန်း၊ အလှဆီ လက်ဖက်ရည်ဇွန်း ၁ ဇွန်းတို့ကို သမအောင်မွှေ အမည်းစက်ရှိတဲ့နေရာတွေမှာ လိမ်းပေးပြီး နာရီဝက်ခန့်ပေါင်းတင်ပြီး ရေဆေးချလိုက်ပါ။ နေ့စဉ်ပြုလုပ်ပေးမယ်ဆိုရင် အမည်းစက်တွေသက်သာလာမှာပါ။

**(၂) ရှားစောင်းလက်ပပ်နဲ့ ကြက်သွန်နီ**

Vitamin-C ကြွယ်ဝတဲ့ ကြက်သွန်နီသေးသေး လေးက အစက်အပြောက်တွေကို ဖယ်ရှားပေးပြီး အသားအရေကို တင်းရင်းစေပါတယ်။ ကြက်သွန်နီ အရည် ၁ ဇွန်း၊ ရှားစောင်း လက်ပပ်ဂျယ် ၃ ဇွန်းတို့ကို သမအောင်မွှေ ၁၅ မိနစ်ခန့် ပေါင်းတင်ပေးပြီး ရေဆေးချလိုက်ပါ။ နှစ်ပတ်ဆက်တိုက်ပြုလုပ်ပေးဖို့ လိုပါတယ်။

**(၃) လိမ္မော်သီးနဲ့ရှားစောင်းလက်ပပ်**

လိမ္မော်သီးဟာ Vitamin-C ဟာ အစက်အပြောက်တွေ သိသိသာသာ သက်သာစေပါတယ်။ လိမ္မော်ရည် ၁ ဇွန်း၊ ရှားစောင်းလက်ပပ်ဂျယ် ၃ ဇွန်း၊ အလှဆီ လက်ဖက်ရည်ဇွန်း ၁ ဇွန်းခန့် ထည့်ပြီး သမအောင်ရောသမမွှေ အမည်းစက်ရှိတဲ့နေရာတွေမှာ လိမ်းပြီး ၁၅ မိနစ်ခန့်ပေါင်းတင်ပြီး ရေဆေးချလိုက်ပါ။ နှစ်ပတ်ဆက်တိုက် ပေါင်းတင်ပေးမယ်ဆိုရင် အမည်းစက်တွေ သိသိသာသာလျော့ကျလာမှာပါ။

Daisy

## ဂျင်းဂျာကင်ကို ဂျင်းဘောင်းဘီနဲ့ စတိုင်လ်ကျအောင်ဝတ်ဆင်ရာမှာ သိထားသင့်တဲ့အချက်များ



နှစ်တွေ ဘယ်လောက်ပဲကြာကြာ ရိုးမသွားတဲ့ ဖက်ရှင်ကိုပြောပါဆိုရင် ဂျင်း(Jean) ဖက်ရှင်ပဲ ဖြစ်ပါတယ်။ လူတိုင်းမှာ အနည်းဆုံးတော့ ဂျင်းဘောင်းဘီတစ်ထည်လောက်တော့ရှိတတ်ကြပြီး ဂျင်းဂျာကင်ကလည်း ဘယ်တော့မှရိုးမသွားတဲ့ ဖက်ရှင်ထဲမှာ ပါပါတယ်။ အရင်တုန်းကတော့ ဂျင်းဂျာကင်နဲ့ ဂျင်းဘောင်းဘီကို တွဲဖက်ဝတ်ဆင်တဲ့ ဖက်ရှင်ဟာ ရေပန်းစားခဲ့ပေမယ့် အခုခေတ်မှာတော့ ဂျင်းအပေါ်အောက်ဝမ်းဆက်ဝတ်တာမျိုးရှိပေမယ့် သေချာတွဲဖက်မဝတ်ဆင်တတ်ဘူးဆိုရင် စတိုင်လ်မကျတော့ဘဲ ငွမ်းနေတတ်ပါတယ်။ ဒါကြောင့် ဂျင်းကို အပေါ်အောက်တွဲဖက်ဝတ်ဆင်မယ်ဆိုရင်တော့ အရောင်မတူ၊ ပုံစံမတူတဲ့ ဂျင်းအထည်ပုံစံမျိုးက ကွဲထွက်နေမှာဖြစ်ပြီး ဆန်းသစ်တဲ့ပုံစံမျိုးဖြစ်စေမှာပါ။ နောက်ထပ်သတိထားရမှာကတော့ ဝတ်မယ့်ဂျင်းအင်္ကျီနဲ့ ဘောင်းဘီဟာ ခန္ဓာကိုယ်နဲ့ မကျပ်မချောင်လွန်းဘဲ ကွက်တိကျနေမှသာ ပိုပြီးကြည့်ကောင်းမှာဖြစ်ပါတယ်။ ဂျင်းဂျာကင်ကို ဝတ်တဲ့အခါ အောက်ကခံဝတ်မယ့် အင်္ကျီဟာ ဂျာကင်နဲ့ အရောင်ဆန့်ကျင်ဘက်ဖြစ်တာကို ရွေးပါ။ ဂျင်းဂျာကင်အရောင်ရင့်တာဝတ်မယ်ဆိုရင် အောက်ခံအင်္ကျီက အဖြူ(သို့မဟုတ်)ခပ်ဖျော့ဖျော့ အရောင်ကို ဝတ်နိုင်သလို ဂျင်းဂျာကင်အရောင်ဖျော့တာဝတ်မယ်ဆိုရင် အောက်ကအင်္ကျီဟာ အနက်(သို့) နက်ပြာ(သို့) မီးခိုးရင့်အရောင်တွေကို တွဲဖက်ဝတ်ဆင်ဖို့ အကြံပြုလိုက်ပါတယ်။ Daisy




## ဆံပင်သန်စွမ်းကျန်းမာစေမယ့် အစားအစာများ

ဆံပင်အလှပြုပြင်ခြင်းကြောင့် ဆံပင်ကျွတ်ခြင်း၊ ပါးခြင်း၊ ခြောက်သွေ့ကြမ်းတမ်းခြင်း၊ ပျက်စီးခြင်း ဖြစ်ပေါ်စေပြီး အစားအသောက်၊ အနေအထိုင်နဲ့ ကျန်းမာရေးအခြေအနေတွေကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဆံပင်သန်စွမ်းလှပလာအောင် ပေါင်းတင်ခြင်း၊ ခေါင်းလျှော်ရည်အကောင်းစားတွေ သုံးနေပါစေ ဆံပင်တွေက ဆက်တိုက်ကျွတ်နေပြီး အသစ်ပြန်မပေါက်ခြင်း၊ ဆံပင်ပေါက်နည်းခြင်း၊ နေးခြင်း၊ ခြောက်သွေ့ပျက်စီးနေသေးတယ်ဆိုရင်တော့ နေ့စဉ်နေထိုင်စားသောက်မှုပုံစံကို ပြန်ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ကျန်းမာရေးနဲ့ သောက်နေရတဲ့ ဆေးတွေကြောင့် ဆံပင်ကျွတ်တာမျိုးမဟုတ်ဘူးဆိုရင်တော့ ဆံပင်အတွက် ဖြည့်စွက်အားဆေးတွေနဲ့ အစားအစာတွေကို စားပေးဖို့ လိုပါတယ်။ ဆံပင်သန်စွမ်းလှပစေမယ့် အစားအစာတွေကတော့ ကြက်ဥ၊ ကန်စွန်းဥ၊ ဘယ်ရီသီးမျိုးစုံ၊ ဟင်းနုနယ်ရွက်၊ ထောပတ်သီး၊ အစေ့အဆန်များ၊ နေကြာစေ့၊ ချီယားစေ့၊ ငါးစသည့် အစားအစာတွေကို ပုံမှန်စားပေးမယ်ဆိုရင် ဆံပင်ကျွတ်သက်သာစေပြီး ဆံပင်သန်စွမ်းလှပစေမှာ ဖြစ်ပါတယ်။

Daisy

o-o-o-o-o-o-o

## ပိန်နေလို့ ဝိတ်တက်ချင်တဲ့သူတွေ လိုက်နာရမယ့်အချက်များ

အရပ်ရှည်နေပြီး ပိန်လွန်းသူ၊ အစားများများစားပေမယ့် ပိန်လွန်းနေတာကြောင့် အဝတ်အစားဝတ်ရတဲ့အခါမှာပဲဖြစ်ဖြစ်၊ ပိန်တာကြောင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုမရှိတာကြောင့် တစ်ခါတလေမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ပိန်တာကြောင့် ဝိတ်တက်ဖို့ အချိုနဲ့ အဆီတွေများတဲ့ အစားအသောက်တွေစားခြင်း၊ အားတိုးဆေးသောက်တာတွေဟာ ဝိတ်တက်လာတယ်ဆိုပေမယ့် ခန္ဓာကိုယ်က အာဟာရမျှတစွာနဲ့ ဖွံ့ဖြိုးလာတာမဟုတ်တဲ့အတွက် ရေရှည်မှာ ကျန်းမာရေးအတွက်လည်း မကောင်းပါဘူး။ ဝိတ်တက်ချင်တယ်ဆိုရင် အစားစားတဲ့အခါမှာလည်း အစားအစာဖြစ်ပြီးရော အများကြီး စားလိုက်ရတာမျိုးမဟုတ်ပါဘူး။ အရမ်းပိန်နေတယ်ဆိုရင် တစ်နေ့ကို လေးကြိမ်မှ ငါးကြိမ် စားပေးဖို့လိုအပ်ပြီး စားတဲ့အခါတိုင်းမှာလည်း ပရိုတိန်းပါဖို့ လိုအပ်ပါတယ်။ အာဟာရပြည့်ဝတဲ့ ပဲအမျိုးမျိုး၊ ပေါင်မုန့်၊ ခေါက်ဆွဲ၊ ထမင်း၊ အသား၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ နို့နဲ့ နို့ထွက်ပစ္စည်း၊ ငါး၊ အစေ့အဆန်၊ ငှက်ပျောသီး၊ ထောပတ်သီးတွေကို များများစားပေးဖို့ လိုအပ်ပါတယ်။ ကျန်းမာပြီး လှပတဲ့ခန္ဓာကိုယ်ဖြစ်ဖို့အတွက်ဆိုရင်တော့ အစားစားပေးရုံနဲ့ မလုံလောက်သေးပါဘူး။ အားကစားတစ်ခုခု လုပ်ပေးဖို့ လိုပါတယ်။ အားကစားလုပ်တဲ့အခါမှာလည်း ဝိတ်တက်တဲ့ အားကစားမျိုးကို ကစားပေးရမှာဖြစ်ပြီး လေ့ကျင့်ခန်း ပြုလုပ်ပေးခြင်းက အစာစားချင်စိတ်ကိုလည်း ပိုဖြစ်စေပါတယ်။

Daisy



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**ဥတ္တရသီရိ ဇန်နဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အခြေခံပညာ အလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရွှေနံ့သာ ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြှင့်မားလာပြီး စာကောင်းပေကောင်းများကို လေ့လာတတ်စေရန် စာအုပ်စာပေ လူ့မိတ်ဆွေခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲ အပြီးတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ အဆိုအမိန့်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများစသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသ စာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များ ပုံမှန်ငှားရမ်း ပေးလျက်ရှိ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ နေ့စဉ် စာအုပ်၊စာစောင်များ ငှားရမ်းပေးလျက်ရှိရာ သုတ၊ရသ စာစောင်များ၊ ရုပ်ပြစာစောင်များအား ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို နွေရာသီပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိ အသုံးပြုတတ်စေရန် စာကြည့်တိုက်တွင် ဖတ်ရှုခြင်း(သို့မဟုတ်) စာအုပ်စာစောင်များ လာရောက်ငှားရမ်း ဖတ်ရှုလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ကျောင်းသူရင်သွေးငယ်များ၊ လူငယ်လူရွယ်များအား စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အသိပညာဗဟုသုတကြွယ်ဝပြီး ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်လာစေရန်၊ စာပေဗဟုသုတ ကြွယ်ဝပြည့်စုံသော လူငယ်များဖြစ်စေရန် ရည်ရွယ်၍ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိကာ သုတ၊ ရသ၊ ရုပ်ပြစာစောင်များ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ရုံးအတွင်း ဖတ်ရှုခြင်း၊ ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (မိသနိုးမြေ)

*– *– *– *– *



# ဆရာကန်တော့ပွဲအကြို အလှူငွေ လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၀)အ.ထ.က(ယခင်)ပညာ့ဗိမာန် အထက်တန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲအကြို ညှိနှိုင်းဆွေးနွေးပွဲနှင့် အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို မိုးဝေကျော်ကဖေးတွင် ကျင်းပခဲ့သည်။ ဆရာ ဦးမြင့်သိန်း(ပညာရေး)နှင့် ဆရာဦးငွေးတင်တို့မှ သြဝါဒ စကားချီးမြှင့်ကြ၍ ဆရာကန်တော့ပွဲ အား နှစ်စဉ်ကျင်းပကြရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြသည်။ ဆရာကန်တော့ပွဲအကြို လှူဒါန်းငွေအဖြစ် ကိုစိုးသန်းဦး+ မခင်ချိုအောင်မိသားစုက အလှူငွေကျပ် ငါးသိန်း ဦးအိုက်ချီ+မရီဆုန်မိသားစုက အလှူငွေကျပ် သုံးသိန်းလှူဒါန်းခဲ့ပြီး ဖြစ်မြောက်ရေး ကော်မတီကိုယ်စား ကျောင်းသား၊ ကျောင်းသူဟောင်း မကြည်ကြည်မြင့်(ဖိုးဝယိုစုံ)က လက်ခံရယူခဲ့သည်။ အလှူငွေ လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရပြီး တက်ရောက်သူများကို ကျောင်းသားဟောင်း ကိုအိုက်ချီ မိသားစုက ကျွေးမွေးဧည့်ခံ၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ) (ဝ၄၁)





ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်ဒိုရာ


## ကကွက်မျိုးစုံ

* ပျော်ရွှင်မရှိ
ကဏ်ဖုံဖုံ ။
မာယာနှောသည့်
လောကဇာတ်ခုံ ။

* နင်ပဲငါပဲ
မာန်ငွဲ့အပုန် ။
နောက်ဆုံးမတော့
ဖြစ်ပျက်စုံစုံ ။
ရှင်သေမင်း
ဝပ်စင်းကြုံရကုန် ။

* ဆင်ခြင်တွေးတော
မြတ်သောဉာဏ်ဟုန် ။
ကောင်းမှုမျိုးစေ့
စိုက်ကြလေကုန် ။

* ကိုယ်ကိုစောင့်ထား သီလလုံခြုံ ။
ဘာဝနာတရား ပွားများကြကုန် ။
လူ၏အဖြစ် ရခဲလှတဲ့ဘုံ ။ ။

ကောင်းတေးသီ(အမရပူရ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။



# သတင်းပဒေသာ

## ပလင်းတန်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်၊လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။ ထို့နောက် ပြန်/ဆက် ဦးစီးမှူး ဒေါ်သီတာအေးက အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အခြားဗဟုသုတများ ရရှိစေရန်နှင့် နေ့ထူးနေ့မြတ်များကို တန်ဖိုးထား မမေ့အပ်စေလိုကြောင်းကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယမန်နေ့ နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးခဲ့သည်။ အဆိုပါ စားအုန်းဆီများ ရောင်းချပေးရာတွင် လူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၅၆၅၀ နှုန်းဖြင့် ကသာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။ ပြည်သူများ၏ အထွေထွေကုန်ကျစရိတ် လျော့နည်းလာစေရန် ရည်ရွယ်၍ စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ခရိုင်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးတိမာတို့က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးစိုးထွေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆု၊ မြို့နယ်အဆင့် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေးအရည်အသွေးမြှင့်ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ပညာသင်ကြားလျက်ရှိသော Grade-5 ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ကြွယ်ဝစေပြီး အာရုံစူးစိုက်မှုစွမ်းအားနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်အတွက် ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်း



**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန် ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးအား ချိတ်ဆွဲရန် ရန်ကုန်မြို့နေ ကိုကြည်သာဟန် (AMAZINGAUTO) မိသားစုက အလေးချိန် (၁)ကျပ် (၁၅ပဲ)(၄)ရွေးရှိကမ္ဗည်းပါ ရွှေပြားလေးထောင့်တစ်ခု၊ မန္တလေးမြို့နေ ဒေါ်ခင်စုမာ(ဝမ်စမ့်မုန့်မျိုးစုံရောင်းဝယ်ရေး)မိသားစုက အလေးချိန်(၁)ကျပ်၊ (၄)ရွေးရှိ ရွှေပဋ္ဌာန်းစက်ဝိုင်းတစ်ခု၊ မန္တလေးမြို့နေ ဒေါ်ငွေငွေမူအား အမှူးထား၍ မကြည်ဖြူကျော်(ကေပီကေစက်သုံးဆီဆိုင်)မိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ်(၃၂)ရွှေချကပ်လှူပူဇော်ရန် မန္တလေးမြို့နေ ဒုတိယဗိုလ်မှူးကြီးစိန်လွင်(ငြိမ်း)+ဒေါ်သီရိအေးသန်းဝင်းမိသားစုက ငွေကျပ် ၅၅သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူးဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀၀၀၇၅၀နှင့်ဖုန်း၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇန်နဝါရီ ၁၅ ရက်က မန္တလေး၊ တမ္ပဝတီ၊ ကြေးသွန်းမြောက်ရပ်နေ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးမြင့်ဦး(မွေးနေ့အထိမ်းအမှတ်)က ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်တို့အတွက် ငွေကျပ် ၁၁ သိန်းနှင့် ဆွမ်းအလှူငွေကျပ် ငါးသိန်း၊ စုစုပေါင်းငွေကျပ် ၁၆ သိန်းတိတိ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။**

(ကဆ)

## (၂၅)ကြိမ်မြောက် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲစည်ကားစွာကျင်းပရေး ညှိနှိုင်းဆွေးနွေး

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ကန့်ဘလူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဆည်မြိုင်ခန်းမတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ကန့်ဘလူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မဟာရွှေစည်ကြီးစေတီဂေါပကအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက (၂၅)ကြိမ်မြောက် ရွှေစည်ကြီးစေတီဘုရားပွဲတော်စည်ကားစွာ ကျင်းပရေးဆွေးနွေးပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးကြသည်။

မဟာရွှေစည်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားအနေကဇာတင်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ မွေ့စကြာရွက်ဆိုပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ လူဦးရေ ၁၅၀၀၀ စာ စတုဒိသာကျွေးမွေး လှူဒါန်းပွဲများ ကျင်းပသွားမည်ဖြစ်ပြီး လူဦးရေ ၁၅၀၀၀ စာ စတုဒိသာ ကျွေးမွေးလှူဒါန်းနိုင်ရေးအတွက် နေပြည်တော်နေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်သန်းမိသားစုက ငွေကျပ် ၁၂၅ သိန်း မ,တည်လှူဒါန်းထားပြီး ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ မဟာရွှေစည်ကြီးဂေါပကအဖွဲ့ ဖုန်း ၀၉-၉၆၆၆၁၄၆၆၆၊ ၀၉-၂၅၇၈၃၇၁၉၈၊ ဖုန်း၀၉-၄၂၆၄၆၆၂၅၃ နှင့် ဖုန်း ၀၉-၈၉၅၃၅၆၀၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)



## သုခရိပ်မြုံ(မန္တလေး)လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ စာအုပ်၊ စာစောင်များပေးအပ် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၆၂ ပန်းခြံ (A)လမ်းနှင့် ၁၂၇လမ်းထောင့်၊ မြဝတီမင်းကြီးကျောင်းတိုက်ဝင်းအတွင်းရှိ သုခရိပ်မြုံ(မန္တလေး) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ဇန်နဝါရီ ၁၆ ရက်က မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၆၆/၅၈ နေ ဦးကျော်မင်းသော်+ ဒေါ်ငွေငွေသန်း မိသားစုက ဂေဟာရှိ ကလေးငယ်များ ဖတ်ရှုနိုင်စေရန် သုတ၊ ရသ၊ ဘာသာရေးဆိုင်ရာ စာအုပ် ၅၀၊ စံတော်ချိန်နေ့စဉ်သတင်းစာစောင်ရေ ၁၀၀ အား ပေးအပ်လှူဒါန်းရာ ဂေဟာအမှုဆောင် ဦးဘိုသိန်းက လက်ခံရယူခဲ့သည်။

သုခရိပ်မြုံ(မန္တလေး)လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသည် HIV ရောဂါ ခံစားနေရသော ကလေး အမျိုးသား၊ အမျိုးသမီး (၈၀)ဦးအား ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးများ ထောက်ပံ့ကူညီထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ကလေးငယ်များ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးများ ပါဝင်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၅၇၀၆၈၈၊ ၀၉-၄၀၂၅၇၀၆၈၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ယာပုံ) (ကဆ)

# သတိပြုဖွယ် သတင်းနယ်ပယ် (၁၃)

နိုင်ဗလ

ယနေ့ခေတ်ကာလတွင် စာပေနယ်သို့ ဝင်ရောက်ကြမည့် စာရေးဆရာအများစုသည် အခြားသော ဝတ္ထု၊ ကဗျာ စသည်တို့နှင့် ဝင်ရောက်ကြသည်ထက် ဆောင်းပါးရေးရင်း လက်သွေး၍ စာပေနယ်သို့ ဝင်ရောက်သည်က များသည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထု၊ ကဗျာတို့မည်သည် ကိုယ်တိုင်ခံစားချက်၊ အငှားခံစားချက်များကို ဖွဲ့စပ်သီကုံးခြင်း အတတ်ပညာတို့ဖြင့် ပေါင်းစပ်ပြီး သက်ဆိုင်ရာနည်းစနစ်နှင့် ကိုယ်တိုင်လေ့လာ ရှာဖွေရွေးချယ်ထားသော စကားလုံးများကို လှပစွာ ပေါင်းစပ်ပေးရသော အတတ်ပညာဖြစ်သဖြင့် လေ့လာမှုအပြင် အခြေခံမပါက ရေးသားရန် မလွယ်ကူချေ။ ဆောင်းပါးမှာမူ စာရေးတတ်၊ ဖတ်တတ်(စကားပြေကို ကျွမ်းကျင်စွာရေးတတ်) လျှင် မိမိသိထား၊ လေ့ထာထား၊ ပြောချင်သော အကြောင်းအရာ၊ အချက်အလက်များကို အများသိအောင် အလွယ်တကူ ရေးသားတင်ပြနိုင်သောကြောင့် ရွေးချယ်၍ ရေးကြသူများစွာရှိကြသည်။ စကားပြေအရေးအသား ကျွမ်းကျင်လိမ္မာရုံဖြင့်လည်း ဆောင်းပါးရေး ဆရာကောင်းတစ်ဦးဖြစ်လာမည်ဟုမူ မဆိုနိုင်ပေ။

**ဖတ်သင့်၊ ဖတ်ထိုက်သော ဆောင်းပါး၊ စာအုပ်တစ်အုပ်၊ ဖတ်ပျော်သောဆောင်းပါး၊ စာအုပ်တစ်အုပ်ရေးသားရန် မလွယ်ကူပေ။ ထို့အတူ စာဖတ်သူတို့အတွက် အကျိုးရှိစေသော ဆောင်းပါး၊ စာအုပ်တစ်အုပ်ဖြစ်လာရန်လည်း လွယ်ကူလှသည်မဟုတ်ပေ။ မိမိတို့၏ စာ၊ နယ်၊ စင်(သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း)တို့တွင် သတင်းဆောင်းပါးများကို ထည့်သွင်းဖော်ပြကြသည်။ ထို့ကြောင့် စာရေးဆရာ၏အတတ်ပညာကိုပါ သတင်းစာဆရာများက သတိပြု သင်ကြားတတ်မြောက်ထားကြရမည်ဖြစ်သည်ဟု ဆိုချင်ပါသည်။** ဆောင်းပါး၊ သတင်းဆောင်းပါး၊ စာအုပ်တစ်အုပ်ရေးတော့မည်ဆိုလျှင် ရေးသားလိုသည့်အကြောင်းအရာကို ရှာရတော့မည်ဖြစ်သည်။ ပြီးလျှင် ထိုအကြောင်းအရာကို အသေးစိတ်ရှာဖွေလေ့လာရတော့မည်ဖြစ်သည်။ **'ဆောင်းပါးအသက် အချက်အလက်'**ဟူသော ဆိုရိုးစကားကို သတိပြုရပေမည်။ စာအုပ်တစ်အုပ်ရေးသားလျှင်လည်း အတူတူပင် ဖြစ်သည်။ စာရေးသူအချို့က ပြောကြသည်။ ၎င်းတို့ရေးသောဆောင်းပါးသည် အကြောင်းအရာ ကောင်းကြောင်း သို့သော် အယ်ဒီတာများက မရွေးချယ်ကြောင်း ပြောတတ်ကြသည်။

သုံးသပ်ရေးဆောင်းပါး၊ ဝေဖန်ရေးဆောင်းပါး၊ သတင်းဆောင်းပါးတို့ ရေးမည်ဆိုပါက ဦးစွာအကြောင်းအရာကို စိတ်ကြိုက်ရွေးချယ်ရသည်။ ထိုအကြောင်း၏ အချက်အလက်များကို လေ့လာရှာဖွေရသည်။ သုံးသပ်ရမည်။ ထိုသုံးသပ်ချက်များကို တင်ပြ၍ အဆုံးသတ်ရသည်။ အချို့စာရေးဆရာ၊ ဆောင်းပါးဆရာတို့က အကြောင်းအရာ ရှာရခက်သည်ဟု ဆိုကြသည်။ အကြောင်းအရာများက ပေါလှသည်။ အများစိတ်ဝင်စားစေမည့် အကြောင်းအရာ ရွေးချယ်မည်ဆိုပါက နေ့စဉ်ဘဝမှ ကင်းကွာ၍ မရသည်ကိုမူ သတိပြုရမည်ဖြစ်ပေသည်။ ဥပမာ- ဆီအကြောင်း၊ ဆန်အကြောင်း၊ ဆားအကြောင်း၊ စိန်၊ ရွှေ၊ ငွေ(ဒေါ်လာ)များ အကြောင်း စသည်ဖြင့် ရွေးချယ်စရာ ပေါများလှပေသည်။ မိမိရှာဖွေလေ့လာသိရှိထားသည်များကို မိမိသိသည့်အတိုင်း သိရှိစေရန်အတွက် ရှုထောင့်တစ်ခုမှ တင်ပြနိုင်ရန် အရေးကြီးလှသည်။ ဆန်၊ ဆီ၊ ဆား၊ စိန်၊ ရွှေ၊ ငွေ(ဒေါ်လာ)၊ အားကစား၊ စီးပွားရေး စသည်တို့ကို စာရေးသူက လေ့လာအားကောင်းကောင်းဖြင့် ရေးသားသော်လည်း စာဖတ်သူ နားလည်အောင် တင်ပြနိုင်ရန်မှာ အရေးကြီးလှသည်။ ပုံမှန် အများတင်ပြသည့်ပုံစံနှင့် ကွဲပြားစွာ တင်ပြနိုင်က စာဖတ်သူ ပိုမိုစိတ်ဝင်စားလာစေမည်ဖြစ်သည်။ ဆီဈေးတက်သည့်အကြောင်း ရေးရာတွင်ပင် ရေးသားတင်ပြပုံ အနေဖြင့် မတူကွဲပြားစွာ ရေးသားနိုင်သည်။ ဆီဖြစ်လာအောင် မည်သို့ အဆင့်ဆင့်စိုက်ပျိုး၊ နုတ်သိမ်း၊ ကြိတ်ခွဲ သယ်ယူရကြောင်း၊ စရိတ်အမျိုးမျိုး မြင့်တက်ခြင်းကြောင့် ဆီဈေးတက်ရကြောင်းတို့ကို အကြောင်းအရာအဖြစ် ရေးခြင်းက တစ်နည်း၊ နိုင်ငံတကာရွှေဈေး၊ ရေနံဈေး၊ ဒေါ်လာဈေးတို့၏ ဂယက်ကြောင့် ပြည်တွင်းကုန်ပစ္စည်းများ၏ သယ်ယူ၊ ထုတ်လုပ်မှုစရိတ်မြင့်တက်လာကြောင်း၊ ထို့ကြောင့် ဆီဈေးတက်ရကြောင်းဖြင့် အခြားနိုင်ငံတကာ၏ အဓိကဈေးကွက်နှင့် ချိန်ထိုး၍ ရေးသားခြင်းက တစ်နည်း၊ ဆီဈေးများတက်နေသဖြင့် နေ့စဉ်စရိတ်ကာမိစေရန် ဆီမပါသော ဟင်းလျာချက်နည်းများဟု သွယ်ဝိုက်ရေးခြင်းက တစ်နည်း စသည်ဖြင့် ရှုထောင့်စုံက ရေး၍ရသည်။ ခေတ်နှင့်လည်းနီးစပ် အခြေခံလူတန်းစားနှင့်လည်း စပ်ဟပ်သော ဆီမပါသော ဟင်းလျာချက်နည်းများကို အများစုသော အယ်ဒီတာက ရွေးချယ်မည်ဖြစ်သည်။ ရှုထောင့်ပေါ်မူတည်၍၊ တင်ပြပုံပေါ်မူတည်၍ အကြိုက်ကွဲပြားသွားရခြင်းဖြစ်သည်။ ဒေါ်လာဈေး၊ ရွှေဈေးများကို ရေးသည်ဆိုက သတိထားရသည်။ ယနေ့တစ်မျိုး၊ မနက်ဖြန်တစ်မျိုးဖြစ်သော၊ အတက်အကျများသော ယနေ့ခေတ်တွင် ယေဘုယျရေးသား၍မရ၊ ဘယ်နေ့က ဘယ်ဈေးနှုန်း စသည်ဖြင့် တိကျစွာ ရေးပေးရမည်ကို သတိပြုရမည်ဖြစ်သည်။

စာအုပ်၊ ဆောင်းပါး၊ ခေါင်းကြီးပိုင်းတို့ ရေးသားရာတွင် စာရေးသူက စာဖတ်သူအတွက် အသိပေးလိုခြင်း၊ ဩဇာဖြင့် ပဲ့ကိုင်ခြင်း၊ ဖတ်ပျော်စေခြင်း၊ တွေးတောတတ်စေခြင်းတို့ကို ဆောင်ကျဉ်းပေးရမည်ဖြစ်သည်။ သတင်းတစ်ရပ်ရပ်ကို သတင်းဆောင်းပါးရေးမည်ဆိုလျှင် ထိုသတင်းမှန်သမျှတို့သည် ဂယက်ရှိသည်ကို သတိပြုရမည်ဖြစ်သည်။ ဥပမာပြရလျှင် အလုပ်ခွင်တစ်ခု၌ အလုပ်ကိစ္စညှိနှိုင်း၍ ပြန်လာသော လုပ်ငန်းခေါင်းဆောင်အား အလုပ်ကြပ်က အလုပ်သမား ဘယ်သူဖြစ်သူ အရက်မူးပြီး လဲ၍ လက်ကျိုးသွားကြောင်း ပြောကြားရာ လုပ်ငန်းခေါင်းဆောင်က ဒီကောင်တွေ အလုပ်ခွင်စည်းကမ်းဖောက်တယ် ပေါ့ဆတယ် အလုပ်ကြပ်လည်း အုပ်ချုပ်တာ ပေါ့ကြောင်း ပြောကြားပြီး နောက်တစ်ခါ အလုပ်ခွင်ဝင်လျှင် အရက်လုံးဝသောက်ခွင့်မပြုကြောင်း ကြပ်မတ်ပြောကြားသည် ဆိုသည့်သတင်းတွင် အရက်မူးခြင်း၊ အလုပ်ခွင် စည်းကမ်းဖောက်ဖျက်ခြင်းနှင့် အလုပ်ကြပ် ပေါ့ဆခြင်းဆိုသည်မှာ သတင်းဝေဖန်ချက်ဖြစ်ပြီး အလုပ်ခွင်တွင် အရက်လုံးဝသောက်ခွင့်မပြုခြင်းမှာ သုံးသပ်ဆုံးဖြတ်ချက်သဘောပင် ဖြစ်သည်။ **သတင်းတိုင်း၏နောက်တွင် ထိုသတင်းကို မည်သို့ထင်မြင်သနည်း၊ မည်သို့ပြုသင့်သနည်းဟူသော မေးခွန်းများက ကပ်ပါလာတတ်သည်။ သတင်းဆောင်းပါးဆိုသည်မှာ ထိုမေးခွန်းများကို ဖြေကြားသည့်စာတမ်းများဟု ဆိုရမည်ဖြစ်သည်။**

အကြောင်းအရာတစ်ရပ်ကိုရေးလျှင် မိမိကိုယ်တိုင် မယုံကြည်လျှင် မရေးရန်လိုသည်။ ထိုအကြောင်းအရာနှင့်မဆိုင်သော စကားများ မပါစေရန်လည်း သတိပြုရမည်ဖြစ်သည်။ အချက်အလက်များစွာကို လေ့လာထားသလောက် အကုန်မထည့်ရ၊ ပိုင်နိုင်ကျွမ်းကျင်ပြီး အကောင်းဆုံးအချက်သာ ရွေးထည့်ရမည်။ ထိုသို့မဟုတ်ဘဲ အချက်အလက်များပြားလွန်းက ငါးသိုင်းများ ဟင်းဟုန်ဆိုသကဲ့သို့ ဟုန်သွားတတ်သည်။ ပြင်းထန်လွန်းစွာလည်း မဝေဖန်ရပေ။ သိမ်းကြုံးပြီး ဝါးလုံးရှည်နှင့် ရမ်းသကဲ့သို့လည်း မဝေဖန်ရပေ။ မိမိမသိသည်ကိုလည်း ထည့်သွင်းမရေးရပေ။ ဆောင်းပါးရေးရန် အချက်အလက်ရှာဖွေရာတွင် ကိုယ်တွေ့၊ စာတွေ့တို့ဖြင့် စုံစမ်းရမည်ဖြစ်သည်။ ကိုယ်တွေ့စုံစမ်းသည်ဆိုရာတွင် စာရေးသူသည် သတင်းထောက်စိတ်အပြည့်သွင်း၍ သတင်းဖြစ်ပွားရာတွင် သတင်းစုဆောင်းရသည်။ လူထုသိရန်ရေး၍ လူထုကဲ့သို့ ခံစားကြည့်ဖို့လိုသည်။ လူထုထံ ဖတ်ရန်ပေးမည့်ဆောင်းပါးဖြစ်၍ ဖြစ်သည်။ လူထုနှင့်ဝေး၍ မစုံစမ်းက သတင်းထောက် စုံစမ်းမှန်းသိလျှင် ပိုပြော၊ လိုပြောမှု ပြဿနာ ပိုမိုကြုံတတ်၍ဖြစ်သည်။ လူထုကဲ့သို့ ခံစားပေးရင်း စာရေးသူများသည် တစ်ခါတစ်ရံ ကိုယ်ပိုင်ခံစားမှု ဗဟိုပျောက်သွားတတ်သည်။ စာရေးသူ ကဗျာဆရာများဟူသည် အများခံစားရအောင် ရေးနိုင်မှ အများအကျိုးအတွက်ပါမှ အောင်မြင်တတ်သည်။ ကိုယ်တွေ့၊ စာတွေ့ စုံစမ်းမှုသဘော နားလည်ရန် ဥပမာပေးလိုသည်။ ဈေးတစ်ဈေး၏ သန့်ရှင်းရေးနှင့်ပတ်သက်၍ သွားရောက်စုံစမ်းရေးသားမည်ဆိုပါစို့။ ထိုဈေးအတွင်း ဝင်လိုက်သည်နှင့် ညစ်ပတ်၊ အားနည်းသော အချက်များတွေ့က ဈေးသည်များက ညစ်ပတ်သည်လား၊ ဈေးဝယ်များက စည်းကမ်းမလိုက်နာသည်လား၊ စည်ပင်သာယာတာဝန်ရှိသူများ ကွပ်ကဲမှုညံ့၍လား၊ အချက်များကို ကိုယ်တွေ့လေ့လာရသည်။ ဆက်လက်၍ စာဖြင့်လေ့လာရာတွင် စည်ပင်သာယာဆိုင်ရာ အက်ဥပဒေများ၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို လေ့လာရမည်။ ထိုကိုယ်တွေ့၊ စာတွေ့တို့ ပေါင်းစပ်၍ ဈေးသန့်ရှင်းရေးမှ ပတ်ဝန်းကျင် ကျန်းမာရေးပြဿနာ ပတ်ဝန်းကျင်မှ မြို့၊ မြို့မှ ကမ္ဘာ့ပြဿနာထိ ချဲ့ကားသုံးသပ်ပြ၍ရသည်ကို သတိပြုရပေမည်။

**စာနယ်ဇင်းတို့တွင် အထူးသဖြင့် သတင်းစာတွင် ထွက်ရှိလာသော စာအုပ်နှင့်ပတ်သက်၍ ဖတ်ညွှန်းဆောင်းပါးရေးသား ထည့်သွင်းလေ့ရှိသည်။ အချို့က ဖတ်ညွှန်းဆောင်းပါးဟူသည် သူများစာကို ကူးချ၍ အတိုချုံ့ခြင်းဖြစ်သည်။ ပညာမပါဟု ဆိုတတ်ကြသည်။ ရှေးက ဆရာကြီးများက အယ်ဒီတာလုပ်မည့်သူ စာရေးဆရာလုပ်မည့်သူများကို စမ်းသပ်သည့်အနေဖြင့် စာအုပ်ဖတ်ညွှန်းရေးသားစေလေ့ရှိခဲ့သည်။** ဖတ်ညွှန်းဆောင်းပါးရေးရန်အတွက် ဖတ်ညွှန်းရေးသူသည်။ (၁) စာအုပ်တစ်အုပ်လုံးဖတ်ရမည်။ (၂) စာရေးသူ၏ ရည်ရွယ်ချက်ကို သိရမည်။ (၃) အကြောင်းအရာပိုင်းကို သိရမည်။ (၄) ရေးသားတင်ပြပုံ နည်းစနစ်ကို သိရမည်။ (၅) အပြုသဘော ဝေဖန်တတ်ရမည်။ (၆) ဖတ်ရှုခြင်းဖြင့် ရရှိသော အကျိုးတရားများ ဖော်ဆောင်တတ်ရမည်။ (၇) စာဖတ်သူအတွက် သီးခြားဗဟုသုတ အပိုထည့်ပေးနိုင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ခရီးသွားဆောင်းပါးများပေါင်းချုပ် စာအုပ်တစ်အုပ်အား ဖတ်ညွှန်းရေးတော့မည်ဆိုပါက ဖတ်ညွှန်းရေးသည့် စာရေးဆရာသည် ခရီးသွားဆောင်းပါးဆိုသည်မှာ ဘာလဲဆိုသည်ကို ဖွင့်ဆိုရှင်းပြရမည်။ ခရီးသွားဆောင်းပါးများ မည်သို့ဖြစ်ပေါ်လာသည်ကို ရှင်းပြရမည်။ ခရီးသွားဆောင်းပါးများ၏ အရေးပါပုံများကို ဖော်ပြရမည်။ ရှေးယခင်က ခရီးသွားမှတ်တမ်းပြု ကမ္ဘာ့ပတ်ခဲ့သည်များကို ဗဟုသုတပေးရမည်။ (ဥပမာ-ဗတ်စကိုဒဂါးမား)၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နယ်ပယ်ချဲ့ထွင်ရေးတို့တွင် ခရီးသွားဆောင်းပါး မှတ်တမ်းများအရ အရေးပါပုံ၊ ခရီးသွားခြင်းသည် သမိုင်းဦးကတည်းက ရှိခဲ့ပြီး မြေပုံများဖြင့် ပြခဲ့သောကြောင့် နောက်လူများအတွက် လမ်းညွှန်သဖွယ်ဖြစ်ပုံ၊ စစ်တိုက်ရာတွင် ထိုမှတ်တမ်းမြေပုံတို့ကို အမှီပြုဆင်နွှဲရပုံတို့ကို ဖတ်ညွှန်းရေးသူက ဦးစွာ ရှင်းလင်းရေးသားပြီး ဖတ်ညွှန်းရေးရမည့် ခရီးသွားဆောင်းပါးများအကြောင်း မှတ်သားဖွယ် ရေးပြပေးရသည်။ အပြုသဘောဖြင့် ဝေဖန်ပေးရသည်။ နောက်ဆုံးတွင် ခရီးသွားဆောင်းပါးများတွင် ပါဝင်ရမည့် အချက်အလက်ဖြစ်သော (၁) အချိန်၊ (၂) ဘယ်ကိုသွား၊ (၃) ဘာကြောင့်သွား၊ (၄) ဘာတွေတွေ့၊ (၅) ဘာဗဟုသုတနဲ့ အတွေးအမြင်ကို၊ (၆) ဘာကြောင့်ပြန်သွားသင့် စသော အချက်များနှင့် ချိန်ထိုးပြပေးရမည်။ သို့မှသာ ဖတ်ညွှန်းရေးသူကပေးသော ခရီးသွားဆောင်းပါးအဓိပ္ပာယ်၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ကမ္ဘာ့ရေးရာတွင် ခရီးသွားကဏ္ဍ အရေးပါမှုတို့နှင့် ခရီးသွားဆောင်းပါး ရေးသားနည်းအချက်အလက်များကို ရရှိသွားစေမည်ဖြစ်သည်။ ထိုအချက်များရရှိသဖြင့် ခရီးသွားဆောင်းပါးစာအုပ်ကို ပိုမို၍ ဖတ်ချင်စိတ် ဖြစ်ပေါ်လာစေအောင် ဗဟုသုတနှင့် နည်းပညာများ ထပ်လောင်းပေးရခြင်းဖြစ်သည်။ ဖတ်ညွှန်းသည် သူများစာများကူးချ၍ ဆောင်းပါးဖြစ်အောင် လုပ်ခြင်းမဟုတ် ဟူသည်ကို သိထားရမည်ဖြစ်သည်။

ခရီးသွားဆောင်းပါးနှင့် သဘောသွားတူသည့် အခြားဆောင်းပါးမှာ လေ့လာရေးဆောင်းပါးဖြစ်သည်။ အပျော်လေ့လာရေး၊ ဒေသန္တရလေ့လာရေး၊ စက်ရုံ၊ အလုပ်ရုံနှင့် ကျေးလက်လူမှုဘဝ လေ့လာရေး၊ ဘုရားဖူးလေ့လာရေးတို့ဖြစ်သည်။ ရေးသားမည့်အကြောင်းအရာရွေး၍ တင်ပြမည့်ပုံကို စဉ်ရမည်ဖြစ်သည်။ ထိုသို့စဉ်ရာတွင် ဖြစ်စဉ်ပြရေးနည်း၊ ဇာတ်လမ်းပမာရေးနည်းတို့ဖြင့် ရွေးချယ်တင်ပြရမည်။ ကိုယ်တွေ့လေ့လာ မှတ်သားမှုများကို ဖော်ပြရမည်ဖြစ်သည်။ အပျော်လေ့လာရေး၊ ဒေသန္တရလေ့လာရေး၊ စက်ရုံလေ့လာရေး စသည်တို့သည် ပြဿနာမဟုတ်သော်လည်း ဘာသာရေး၊ လူမှုရေး၊ လူမျိုးရေးလေ့လာချက်များလျှင် အထူးသတိထားရမည်ဖြစ်သည်။ အချို့သော ဘာသာရေး၊ လူမှုရေး၊ လူမျိုးရေးများသည် ထိလွယ်၊ ရှလွယ်၊ အကဲဆတ်သဖြင့် မှားယွင်းသွားပါက ဖြေရှင်းရခက်တတ်သည်။ မိမိသွားရောက်လေ့လာသည့်နေရာမှ အပြော၊ အမြင်ဖြင့်သာမက အတည်ပြုနိုင်သည့် စာရွက်စာတမ်းကိုပါ လေ့လာသင့်သည်။ မှားသည်များ ပါလာနိုင်၍ ဖြစ်သည်။ ဘုရားတစ်ဆူရောက်၍ လိုက်လံရှင်းပြသူစကားနှင့် အမှန်တကယ် သမိုင်းကွာဟတတ်သည်ကို နားလည်ထားရမည်ဖြစ်သည်။ **လူမျိုးစုများအကြောင်းရေးလျှင် ဓလေ့မှားများ၊ အခေါ်အဝေါ်မှားများ မသုံးမိစေရန် သတိပြုမည်။ အချို့မျိုးနွယ်စုများက မှားယွင်းရေးသားခေါ်ဝေါ်မိလျှင် ချိုးနှိမ်ဆက်ဆံသည်ဟု ယူဆ၍ စိတ်ဆိုးတတ်ကြသည်။ သတိပြုရမည်ဖြစ်သည်။ ထိုသို့ ဆောင်းပါးမျိုးရေးလျှင် (၁) မျိုးနွယ်စုကို ကိုယ်စားပြုရမည်။ (၂) ဖတ်ရှုသူတိုင်း ဗဟုသုတ ရရမည်။ (၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုရမည်ဟူသော ရည်ရွယ်ချက်၊ ဦးတည်ချက်ဖြင့်သာ ရေးသားဖော်ပြရမည်ဖြစ်သည်။**

သတင်းနယ်ပယ်တွင် ဆောင်းပါး၊ သတင်းဆောင်းပါးတို့သည်လည်း အရေးပါသည်သာဖြစ်သည်။ ဆောင်းပါး၊ သတင်းဆောင်းပါးများ ရေးသားလျှင်လည်း လိုက်နာသင့်သည်များ၊ ရေးသားဖော်ပြသင့်သည့်ပုံစံများ၊ ရေးသားနည်းများကို သတိပြု သိထားရမည်ဖြစ်သည်။ ဆရာစဉ်ဆက် သင်ကြားညွှန်ပြမှုများ စာအုပ်၊ စာပေမှ ဗဟုသုတများမှ ထုတ်နုတ်၍ သတိပြုဖွယ် သတင်းနယ်ပယ်(၁၃)ကို တင်ပြလိုက်ရပေသည်။

ဇဝ် မေ သုတ်



## လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များ ပြသ

**မိုင်းခတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ တိုးပွားရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ရေးရာ အသိပညာပေး စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြသခဲ့သည်။

အဆိုပါ လူငယ်အသိပညာပေးပြပွဲတွင် အထွေထွေဗဟုသုတစာအုပ်များ၊ ရုပ်ပုံပြပုံပြင်စာအုပ်များ၊ တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များ၊ ပြည်သူ့နီတိစာအုပ်များ၊ ယဉ်ကျေးလိမ္မာစာအုပ်များ ပြသခြင်း၊ လူငယ်များ အမှားအမှန် သိမြင်ခွဲခြားတတ်စေရန် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များကို အသိပညာပေးပြသရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)မှ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**သရက် ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဇော်ထက်(သရက်)**

## အသက်(၂၁)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**မိုင်းတုံ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်ရှိ မြို့မအားကစားကွင်းတွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလားအသက်(၂၁)နှစ်အောက်အမျိုးသားဖူဆယ်ဘောလုံး ပြိုင်ပွဲဆုရရှိခဲ့သော အဖွဲ့များအား ဆုပေးပွဲကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မိုးနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်အားပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆုပေးပွဲအခမ်းအနား မစမိ နံနက် ၈နာရီ ၁၅ မိနစ်တွင် N P Y FC အသင်းနှင့် Boss Fustal FC အသင်းတို့ ဗိုလ်လုပွဲကျင်းပရာ N P Y FC အသင်းက ပထမဆု၊ Boss Fustal FC အသင်းက ဒုတိယဆု၊ 5 Star အသင်းမှ တတိယဆုနှင့် တစ်ဦးချင်း အကောင်းဆုံးဆု (၅)ဆု ရရှိခဲ့သူများကို ဆုပေးပွဲပြုလုပ်ရာတွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးက ပထမဆုငွေကျပ် ၂၅၀၀၀၀၊ ဒိုင်းဆုနှင့် ရွှေတံဆိပ်ဆုဆွဲပြားများကိုလည်းကောင်း၊ ခရိုင်မြေစာရင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးအေးဇင်သိန်းက ဒုတိယဆုငွေကျပ် ၁၅၀၀၀၀နှင့် ငွေတံဆိပ်ဆုဆွဲပြားများကို လည်းကောင်း၊ မြို့နယ်နတလမှ တတိယဆု ငွေကျပ် ၅၀၀၀၀နှင့် ကြေးဆွဲပြားများကိုလည်းကောင်း၊ အကောင်းဆုံးဆု (၅)ဆုနှင့် ပွဲစဉ်တစ်လျှောက်ပါဝင်ကူညီပေးခဲ့သော မြို့နယ်ကြက်ခြေနီအဖွဲ့ ငွေကျပ် ၃၀၀၀၀၊ ပွဲစဉ်တစ်လျှောက် ပါဝင်ကူညီပေးခဲ့သော ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များကို ကျန်ဌာနဆိုင်ရာ အသီးသီးကပေးအပ်ခဲ့ရာ ဆုများ လက်ခံရယူခဲ့သည်။ ယင်းမြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ အသင်း(၈)သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း မြို့နယ်အားကစားတာဝန်ခံ ဦးကျော်ဇင်လတ်ထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ၄၂၃၃ ဧက စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၄-၂၀၂၅ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကုလားပဲသီးနှံ ဧက ၇၁၃၄ကျော် လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်အထိ ကုလားပဲသီးနှံ ၄၂၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံဧက ၇၁၃၄ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ယနေ့အထိ ကုလားပဲသီးနှံ ၄၂၃၃ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်တွင်းကြီးမြို့နယ်အတွင်း ကုလားပဲသီးနှံစိုက်ပျိုးမှုအနေနဲ့က တစ်မြို့နယ်လုံး စိုက်ဧက ၇၁၃၄ လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတ်မှတ်လျာထားတဲ့ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆောင်းကုလားပဲသီးနှံစိုက်ပျိုးခြင်းကိုတော့ ယနေ့အထိ စိုက်ဧက ၄၂၃၃ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ ဒီဒေသမှာ စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ကုလားပဲသီးနှံစိုက်ပျိုးရေးကို ဆောင်းသီးနှံအဖြစ် တောင်သူတွေက အားထားစိုက်ပျိုးလုပ်ကိုင်ကြတယ်။ ကုလားပဲသီးနှံစိုက်ပျိုးရာမှာလဲ သီးနှံအထွက်ကောင်းမွန်တဲ့ ရေဆင်း(၆)နဲ့ ရေဆင်း(၁၂) ကုလားပဲမျိုးများကိုသာ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြပါတယ်"ဟု တောင်တွင်းကြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မျိုးအေးထံမှ သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



## ဆိုင်ခန်းရှင်များ ကျူးကျော်၍ ဈေးရောင်းချမှုမရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်

**နတ်မောက် ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက်ပိုင်းက မြို့မဈေးအတွင်း၊ အပြင်ရှိ ဆိုင်ခန်းရှင်းများ ကျူးကျော်၍ ဈေးရောင်းချမှု မရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေး အတွင်း၊ အပြင် ဆိုင်ခန်းရှင်များအား ကျူးကျော်တည်ခင်းရောင်းချမှု မရှိစေရေး၊ ပျံကျဈေးရောင်းချမှုများအား စည်းကမ်းနှင့်အညီ စနစ်တကျ သတ်မှတ်ထားသည့်နေရာများတွင် ရောင်းချစေရေး၊ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဈေးအတွင်း၊ အပြင် ရောင်းချနေသော ဆိုင်ခန်းရှင်များအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မိမိတို့၏ဆိုင်ခန်းများမှ အမှိုက်များ စနစ်တကျ စွန့်ပစ်ထားရှိမှုနှင့် အများသုံးသန့်စင်ခန်းများအား ဆပ်ပြာ၊ ရေများဖြင့် စနစ်တကျ သုံးစွဲရန် တာဝန်ခံအင်ဂျင်နီယာနှင့် ဈေးတာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)(၄၆၅)

# မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းကောင်း

မန်းမြေမှ ပန်းသပြေ

လူသားတို့နေထိုင်ရာ ဤကမ္ဘာလောကကြီးတွင် သက်ရှိသတ္တဝါမှန်သမျှသည် တစ်ဦးတစ်ယောက်တည်း၊ သီးခြားသပ်သပ် ရပ်တည်နေထိုင်၍ မဖြစ်နိုင်ပေ။ အဆွေအမျိုး၊ မိတ်သင်္ဂဟ၊ ဆရာသမား၊ မိဘဆိုသူများနှင့် အစုအဖွဲ့ပြုကာ ပေါင်းစည်းနေထိုင်ကြရသည်။ ထိုသို့ ပေါင်းစည်းဆက်နွယ်၍ နေကြသည့် အထဲတွင် ‘ကလျာဏမိတ္တ’ဟုခေါ်သော မိတ်ကောင်း၊ဆွေကောင်း အပေါင်းအသင်းကောင်းများ ရှိနေရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ မိမိပေါင်းသင်းဆက်နွယ်မည့်သူသည် ကိုယ်ကျင့်သီလ၊စာရိတ္တကောင်းမြတ် မှန်ကန်သူ၊ မိမိအပေါ်၌ မိဘ၊ ဆရာများကဲ့သို့ မေတ္တာပေးစွမ်းနိုင်သူ၊ ကောင်းရာညွှန်ပြသွန်သင်ဆုံးမတတ်သူ၊ အတုယူစရာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသူများသာ ဖြစ်သင့်သည်။ ထိုသူတို့နှင့်အတူတကွ နေထိုင်ရခြင်းသည် မွန်မြတ်လှသည်။ ထိုသို့ ‘ကလျာဏမိတ္တ’ ရှိနေခြင်းသည် မိမိအတွက် ပစ္စုပ္ပန်ရော၊ သံသရာမှာပါ ကောင်းကျိုးများစွာ ရရှိနိုင်သည်မို့ အထူးပင် ဂရုတစိုက် ပေါင်းသင်းနေထိုင်သင့်ပေသည်။

မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းကောင်း ‘ကလျာဏမိတ္တ’ဆိုသည်မှာ မိမိအပေါ် ကောင်းကျိုးလိုလားသည့် မေတ္တာစိတ်ဖြင့် သွန်သင်ညွှန်ပြဆုံးမအကြံပြုတတ်သည့်သူ၊ မကောင်းသောအမှုကိစ္စများ မပြုလုပ်ဖြစ်အောင် တားမြစ်သူ၊ ကောင်းမြတ်မှန်ကန်သည့် အမှုကိစ္စတို့ အလျင်အမြန်ပြုလုပ်ဖြစ်အောင် တိုက်တွန်းအားပေးသူ၊ မိမိအတွက် ဖြစ်လေရာ ဘဝသံသရာမှာ ဒုက္ခများစွာမခံစား၊ မနစ်မွန်းစေရအောင် လမ်းပြပေးနိုင်သူတို့သည် ‘ကလျာဏမိတ္တ’မိတ်ဆွေကောင်းများ ဖြစ်ကြပါသည်။

လောကလူသားများအတွက် အရေးကြီးဆုံးသည် ပတ်ဝန်းကျင်အပေါင်းအသင်းပါ။ ထိုပတ်ဝန်းကျင် မိတ်ဆွေ၊ အပေါင်းအသင်းများကပင် မိမိအတွက် ကောင်းကျိုး၊ ဆိုးကျိုး၊ သုခ၊ ဒုက္ခအမျိုးမျိုးကို ပေးစွမ်းနိုင်ကြလေသည်။ ထို့ကြောင့် သတိထား၍ ပေါင်းသင်းအပ်ပေသည်။ လူသားတိုင်း၊ ပုဂ္ဂိုလ်သတ္တဝါတိုင်း ဆင်းရဲဒုက္ခကို မလိုချင်ကြ။ သုခချမ်းသာကိုသာ မြတ်နိုးကြသည်။ ခုံမင်နှစ်သက်ကြသည်။ ရရှိခံစားလိုကြသည်။ ထို့ကြောင့်လည်း ဆင်းရဲဒုက္ခမှ ကင်းလွတ်ရန် ချမ်းသာသုခကိုသာ ဦးတည် ရှာဖွေကြသည်။ သို့သော် ချမ်းသာသုခကို မရှာတတ်၊ မဖွေတတ်သဖြင့် လော်ရင်းနစ်ကာ ဆင်းရဲဒုက္ခတွေသာ အဖတ်တင်ကျန်ရစ်ခဲ့ကြသည်။ထိုသည်ကို သေချာဆန်းစစ်လျှင် ချမ်းသာသုခရှာဖွေနည်းများ မှားယွင်းနေသည်ကို တွေ့ရပေမည်။ ချမ်းသာသုခရှာဖွေရာတွင် ဆင်းရဲဒုက္ခများကို ပယ်ဖျောက်ပေးနိုင်မည့် နည်းမှန်၊ လမ်းမှန်ဖို့ လိုအပ်သလို နည်းမှန်၊ လမ်းမှန်ကို လမ်းညွှန်ပြသပေးနိုင်သည့် မိတ်ကောင်း၊ ဆွေကောင်း ‘ကလျာဏမိတ္တ’များသည်လည်း အထူးပင် အရေးပါလှပေသည်။

ဆိုရပါမူ လူဆိုး၊ လူမိုက်တို့နှင့် ပေါင်းသင်းမိပြီး ဆရာတင်မှားခဲ့မိလျှင် ထိုအပေါင်းအသင်း၊ ဆရာတို့၏ လမ်းညွှန်ချက် မှားယွင်းမှုများကြောင့် အမှားကိုအမှန်ထင်၍ ခုံခုံမင်မင် ပြုလုပ်မိပြီဆိုမှဖြင့် ဆရာရွေးမှား၊ လူပေါင်းမှားမိသည့်အပြစ်၊ ဆင်းရဲဒုက္ခမျိုးစုံအဖြစ် ခံစားရသည့်အပြင် အပါယ်ငရဲထိ ဒုက္ခလှလှ တွေ့ကြုံကြရပေမည်။ မိတ်ကောင်း၊ ဆွေကောင်း၊ ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းမှု မှန်ကန်ခဲ့လျှင် မှန်ကန်သော တရားနည်းလမ်းများနှင့် ကျနသေချာစွာ သွန်သင်ညွှန်ပြမှုများကြောင့် လုပ်သမျှမှန်ကန်၊ ကြံသမျှပြီးမြောက်၊ ကောင်းမြတ်သည့်သုခချမ်းသာများ ရရှိခံစားရပေမည်။ ထိုသည်မှာ ‘ကလျာဏမိတ္တ’မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်းတို့နှင့် ပူးပေါင်းဆည်းကပ်မိ၍သာ ဖြစ်ပေသည်။

သာမန်လူပုဂ္ဂိုလ် သူတော်ကောင်း၊ စိတ်ကောင်း၊ စိတ်မြတ်ရှိသူများနှင့် ဆည်းကပ်ပူးပေါင်းမိလျှင်ပင် ဤမျှကောင်းကျိုးများ ထူးကဲစွာရရှိနိုင်ပါလျှင် ထိုထက်ထူးကဲမွန်မြတ်လှသည့် အဆွေခင်ပွန်းကောင်းများနှင့် တွေ့ဆုံဆည်းကပ် ပေါင်းသင်းမိမည်ဆိုပါက ဘဝသံသရာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသည့်ထူးမြတ်သော ကောင်းကျိုးများစွာ ရရှိနိုင်မည် ဖြစ်ပေသည်။

လောကဌ် သုခချမ်းသာများ ရရှိနိုင်စေရန် လမ်းပြသွန်သင်နိုင်သူတွေထဲတွင် ‘ဗုဒ္ဓဘုရားရှင်’သည်အမွန်မြတ်ဆုံး၊ အကောင်းဆုံး၊ အသာဆုံးသော ‘ကလျာဏမိတ္တ’မိတ်ဆွေကောင်း၊ အမှီသဟဲကောင်းအဖြစ် နံပါတ်(၁)ပါ။

ထိုမြတ်ဗုဒ္ဓ၏ ဆုံးမသွန်သင်၊ လမ်းညွှန်သည့် ဒေသနာတော်များသည် ရာဂငြိမ်းရာငြိမ်းကြောင်း၊ ဒုက္ခငြိမ်းရာငြိမ်းကြောင်း အကျင့်ကောင်းတရားဓမ္မများဖြစ်သဖြင့် မိတ်ကောင်း၊ ဆွေကောင်းဖြစ်ဆရာအစစ်မို့ တရားဓမ္မသည် နံပါတ်(၂)အားကိုးထိုက်သည့် ‘ကလျာဏမိတ္တ’ပါ။ ထို့ပြင် ဗုဒ္ဓအဆုံးအမ တရားဓမ္မများကို လိုက်နာကျင့်ပွား၍ ပြန်လည်ဟောညွှန်ပြသ ဆုံးမတတ်သည့် အရိယာနွယ်ဝင်ထေရ်အရှင်မြတ်များသည်လည်း ကြားနာမှတ်သားတရားဓမ္မများဖြင့် သတ္တဝါဟူသမျှ ကယ်မတော်မူသည့်အပြင် ဖြစ်လေရာဘဝသံသရာလမ်းကြောင်းမတိမ်းစောင်းအောင် ကုသိုလ်ဒါနများနှင့် ထိန်းကာမယိမ်းယိုင်စေဘဲ မေတ္တာဖြန့်ဝေကုသိုလ်ပွညာ၊ ဒါနတို့စိုက်ပျိုးကြချရာ ‘အနတ္တရဲ့ ပုညခေတ္တံ’ လယ်ယာမြေကောင်းသဖွယ် ကောင်းကျိုးဆောင်ယူပေးကြသူများဖြစ်၍ သံဃာတော်များသည်လည်း နံပါတ်(၃)အဖြစ် အားထားစရာအစစ် မိတ်ဆွေကောင်းဖြစ်ပါသည်။

ထို့ကြောင့် အဓိကဆိုရပါမူ မှန်ကန်ရာ တရားဓမ္မညွှန်ပြပေးသူ ‘ဗုဒ္ဓဘုရားရှင်’ဟောကြားဆုံးမညွှန်ပြခဲ့ရာ တရားဓမ္မများကို လိုက်နာကျင့်သုံးသူမှန်သမျှ ချမ်းသာသုခ ရရှိစေနိုင်သည့် ‘တရားဒေသနာတော်’။ ဗုဒ္ဓဟောကြားမြတ်တရားများကို မှတ်သားနာယူကျင့်တော်မူပြီး တစ်ဆင့်ဟောကြားတပည့်သာဝကများအား နိဗ္ဗာန်သုခချမ်းသာရရေးစောင့်ရှောက်ပေးနေသည့် ‘သံဃာတော်’။ ထိုရတနာမြတ်သုံးပါးတို့သည် မိတ်ကောင်း ဆွေစစ်အားကိုးစရာအစစ်ဖြစ်သည်ဟု မှတ်ယူထိုက်ပေသည်။

ဆရာကောင်း၊ မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်းဆိုသည့် ‘ကလျာဏမိတ္တ’၏ ဥပနိဿယအကြောင်း အထောက်အပံ့မည်မျှအရေးကြီးကြောင်း သံယုတ္တနိကာယ် ကလျာဏမိတ္တသုတ်မှာ ပြဆိုထားသည်မှာ အရှင်အာနန္ဒာမထေရ်မြတ်သည် ဗုဒ္ဓဘုရားရှင်အား လျှောက်ထားရာတွင် ‘ရှင်တော်မြတ်ဘုရား လောကတွင် ပစ္စည်းဥစ္စာကြီးပွားချမ်းသာဖို့၊ အသိအလိမ္မာဉာဏ်ပညာတိုးတက်ဖို့၊ တရားထူး၊ တရားမြတ်ရရှိဖို့ဆိုတာ မိတ်ကောင်း၊ ဆွေကောင်းနှင့် တွေ့ဆုံပေါင်းသင်းမိခြင်းသည် တစ်ဝက်လောက် အရေးပါတယ်လို့ ထင်မြင်မိပါသည် ဘုရား’ ဟု လျှောက်ထားပါသည်။ ထိုအခါ ဘုရားရှင်သည် ‘အာနန္ဒာ ဒီလိုမပြောနှင့်၊ ချစ်သားအာနန္ဒာ ငါဘုရားတည်းဟူသော ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းမရှိခဲ့လျှင် သာဝကတွေသည် ပါရမီတွေဘယ်လောက်ပင် ရင့်သန်ပြည့်စုံစေကာမူ အို၊ နာ၊ သေလွတ်ရာ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် ခဲယဉ်းပေမည်။ အခု ငါဘုရားဆိုသော ကလျာဏမိတ္တကို အကြောင်းပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုကြရ။ အို၊ နာ၊ သေ ဘေးဆိုးကြီးမှ လွတ်ကြရ။ ကုသိုလ်တရားတွေတိုးပွားကြရတယ် မဟုတ်လား။ ဒါကြောင့် ကလျာဏမိတ္တဆိုသူ၏ ဥပနိဿယသည် ကောင်းကျိုးချမ်းသာရဖို့ရန်အတွက် ရာနှုန်းပြည့်အရေးပါတယ် ချစ်သား’ဟု မိန့်ကြားတော်မူဖူးပါသည်။

ယနေ့ခေတ်ကာလတွင် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသွားသော်လည်း ဗုဒ္ဓကိုယ်စား ရုပ်ပွားဆင်းတုတော်များ ရှိနေပါသေးသည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဗုဒ္ဓကိုယ်စား ဂုဏ်တော်များထုံမွမ်းစေလျက် ပူဇော်နေမည်ဆိုပါလျှင် ‘သမေစိတ္တေ သမံဖလံ’ဆိုသည့်အတိုင်း ကောင်းကျိုးချမ်းသာများ ရရှိနိုင်သဖြင့် ဘုရားရှင်သည် ‘ကလျာဏမိတ္တ ဥပနိဿယ’အထောက်အပံ့ကောင်းပင်ဖြစ်ပေသည်။ ထိုသည်သာမက မြတ်ဗုဒ္ဓဟောကြားထားသည့် တရားဓမ္မများ ရှိနေပါသေးသည်။ ထိုတရားတော်များကို ကျင့်ကြံပွားများအားထုတ်၍ တရားသဖြင့် တရားကိုစောင့်ရှောက်နေမည်ဆိုပါလျှင် မြတ်ဘုရားရှင်နှင့် အတူနေရဘိသကဲ့သို့ တရားတော်မြတ်၏ အဆုံးအမ အစောင့်အရှောက်များကြောင့် ‘ကလျာဏမိတ္တ ဥပနိဿယ’ အကြောင်းအထောက်အပံ့ဖြစ်၍ သူတော်ကောင်းမိတ်ဆွေကောင်းတို့နှင့် အတူတကွနေထိုင်ခြင်းဟု ဆိုရပေမည်။ ထို့ပြင် မြတ်ဘုရား၏ သားတော်သံဃာတော်များသည်လည်း ကိုးကွယ်ဆည်းကပ်သူ တပည့်ဒါယကာ၊ ဒါယိကာမများအတွက် ကောင်းရာညွှန်ပြ ကယ်မတော်မူခြင်းဖြင့် ဘဝသံသရာတစ်လျှောက်ပါရှိလာခဲ့သည့် ဘဝအမောများပြေအောင် ဖြေဖျောက်ပေးနိုင်သူများဖြစ်၍ ‘ကလျာဏမိတ္တ ဥပနိဿယ’ မိတ်ဆွေကောင်းများနှင့် အတူတကွနေထိုင်ခြင်းပင် ဖြစ်သည်။

ထိုသို့အားဖြင့် ရတနာမြတ်သုံးပါးသည် လူသားများစွာအတွက် ကလျာဏမိတ္တကောင်းများအဖြစ် ဆည်းကပ်သင့်သလို လူပုဂ္ဂိုလ်၊ သူတော်စင်ပုဂ္ဂိုလ်၊ အကျင့်သီလ၊ စာရိတ္တကောင်းသောပုဂ္ဂိုလ် ကလျာဏမိတ္တကောင်းများအား ရှာဖွေပေါင်းသင်းသင့်ပေသည်။ ထို့အတူ မိမိနှင့်ပေါင်းသင်းဆက်ဆံမည့် မိတ်ဆွေများအတွက် မိမိသည်လည်း စံနှုန်းပြည့် ကလျာဏမိတ္တကောင်းဖြစ်ရန် လိုအပ်ပေသည်။ သို့မှသာ မိမိနှင့် သူတစ်ပါးပေါင်းသင်းရာတွင် ကောင်းကျိုးများစွာ ရရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် မိမိသည်လည်း အကျင့်သီလ စာရိတ္တနှင့် အထွေထွေဗဟုသုတများ ပြည့်စုံအောင် ကြိုးစားအားထုတ်ထားသင့်ပေသည်။ သို့မှသာ မိမိကိုယ်တိုင်၌လည်း မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းကောင်းများကို ဆည်းကပ်နေသလို မိမိအားပေါင်းသင်းဆက်ဆံကြသော အခြားသူများသည်လည်း မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းသင်းကောင်းများနှင့် ပေါင်းသင်းနေထိုင်ရဘိသကဲ့သို့ မိမိရောသူတစ်ပါးပါ အေးချမ်းသာယာသော လောကကြီးအဖြစ် အတူယှဉ်တွဲနေထိုင်ရကျိုး နပ်ပေမည်။ မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းကောင်းများသည် မိမိအတွက် လွန်စွာမှအရေးပါလှသဖြင့် စိစစ်ရွေးချယ်ပေါင်းသင်းနိုင်မည်ဆိုပါလျှင် ‘အသေဝနာစဗာလနံ’နှင့် ‘ပဏ္ဍိတာနဉ္စသေဝနာ’ဆိုသော မင်္ဂလာတရားတော်နှင့် ညီညွတ်နေမည် ဖြစ်ပေသည်။

အချုပ်ဆိုရသော် လူသားကမ္ဘာလှပလာအောင် မိမိကိုယ်တိုင်၌ကလည်း မိတ်ကောင်း၊ဆွေကောင်း၊ အပေါင်းအသင်းကောင်းကို ရွေးချယ်စိစစ်ပေါင်းသင်းသင့်သလို မိမိနှင့် ပေါင်းသင်းဆက်ဆံမည့် မိတ်ဆွေသင်္ဂဟ တခြားသူများအတွက် မိမိကိုယ်ကိုလည်း မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းကောင်း အဆင့်ဝင်အောင် ကိုယ်ကျင့်သီလတရား စာရိတ္တများကို အပတ်တကုတ်ကြိုးစားအားထုတ်ထားရန် လိုအပ်သည့်အကြောင်း ကောင်းမြတ်စိတ်များ ရှေ့မှာထား၍ မေတ္တာစကား ဆိုလိုက်ရပါသည်။

---

**လူပုဂ္ဂိုလ်၊ သူတော်စင်ပုဂ္ဂိုလ်၊ အကျင့်သီလ၊ စာရိတ္တကောင်းသောပုဂ္ဂိုလ် ကလျာဏမိတ္တကောင်းများအား ရှာဖွေပေါင်းသင်းသင့်ပေသည်။**

---

# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားကြရမည်

နေပြည်တော် ဇန်နဝါရီ ၂၁

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေ အဆောက်အအုံများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ပညာရေးဆိုင်ရာ အဆောက်အအုံများ ဖျက်ဆီးခြင်း၊ တက္ကသိုလ်တွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို လူသားဒိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ် ပြန်လည် ဝင်ရောက်နေထိုင်လျက်ရှိပြီး လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော် တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ်လူမှုရေးဝန်ကြီးတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ပညာရေးကို ကမ္ဘာ့လူမှုအသိုင်းအဝိုင်းက မည်မျှအလေးထားသည်ကို ကြည့်မည်ဆိုပါက စာသင်ကျောင်းများကို စစ်ရေးဆိုင်ရာအဖြစ် အသုံးပြုခြင်းများ၊ စာသင်ကျောင်းများကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းများကို တားမြစ်ထားသည့် **ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်၊** ၂၆၀၁(၂၀၂၁)ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ထဲတွင် ပါဝင်သည့် အဓိကအချက်များအနေဖြင့် ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကို အကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့်နေရာ ဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက်စရိုက်လက္ခဏာ ရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင် ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာ ဆက်လက်ရရှိရန် ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ☆

# ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် ဘီဂျီပသန်အသင်းတို့ ပွဲစဉ်မတိုင်မီ နစ်ဖက်နည်းပြများ၏ ပြောကြားစကားများ




၂၀၂၄-၂၀၂၅ ခုနှစ် အာဆီယံ ကလပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်တစ်ပွဲအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် ဘီဂျီပသန်အသင်းတို့ ပွဲစဉ်မတိုင်မီ နှစ်ဖက်နည်းပြများ၏ ပွဲကြိုပြောကြားစကားများ အသီးသီးပြောကြားခဲ့သည်။

"ဟီရိုကီအိုနို(ရှမ်းယူနိုက်တက်အသင်းနည်းပြ)က အသင်း နှစ်သင်းကြားက ကွာခြားမှုတွေကို သိပါတယ်။ ဒါပေမဲ့ ကလပ်အသင်း ရပ်တည်မှုအတွက် အကောင်းဆုံးကစားသွားဖို့ ဆုံးဖြတ်ထားပြီးသားပါ။ BG အသင်းရဲ့ နိုင်ငံခြားသား ကစားသမားတွေ၊ အရေးကြီးကစားသမားတွေအကြောင်း သေချာလေ့လာထားပြီး ပြင်ဆင်ထားတယ်။ ရဲရဲရင့်ရင့် ကစားမယ်။ တတ်နိုင်သလောက်ကြိုးစားမယ်။ အမှတ်ရဖို့ ပစ်မှတ်ထားနေပါတယ်"ဟု ပြောသည်။

"Supachai Komsilp (BG Pathum United အသင်းနည်းပြ)က ရှမ်းယူနိုက်တက်အသင်းကို လေးစားမှု အပြည့်ရှိပါတယ်။ အဓိကကစားသမားအားလုံး ခေါ်လာပါတယ်။ ရှမ်းယူနိုက်တက်အသင်းမှာ နိုင်လိုစိတ်ပြင်းထန်တဲ့ ကစားသမားတွေ ရှိတာတွေ့ရတယ်။ သူတို့အသင်းရဲ့ PSM ပွဲရယ်၊ တီရန်ဂါနူးပွဲရယ်ကို Analysis လုပ်ပြီး လေ့ကျင့်ထားတယ်"ဟု ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် အာဆီယံ ကလပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်တစ်ပွဲအဖြစ် လာမည့် ဇန်နဝါရီ ၂၂ ရက်၊ ညနေ ၆ နာရီခွဲ သုဝဏ္ဏကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် ဘီဂျီပသန်အသင်းတို့ ကစားကြမည်ဖြစ်သည်။

(NGB)